www.burmeseclassic.com



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

Eainmakathit presents

Eainmakathit
38 (3rd-fl), 153rd Lane, Tamwe Ts, Yangon.
095112428, 551403

# ဒယကော်တွ
# မြေကြမ်း

BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com

လွန်ခဲ့တဲ့ ၂၁.၈.၂၀၁၁ နေ့တုန်းက ကျွန်တော့်ပရိသတ်နဲ့ ကျွန်တော် အွန်လိုင်းမှာတွေ့တဲ့ အစီအစဉ်လေးတစ်ခု လုပ်ခဲ့ပါတယ်။ နောက်ဆုံး ထွက်ခဲ့တဲ့ 'မှော်ဝင်ဖူးစာရှင်ရုပ်ပုံလွှာ' စာအုပ်အတွက်ပါ။ အခု ဖော်ပြတာတွေဟာ အဲဒီတုန်းက အွန်လိုင်းချက်တင်မှာ ပြောဖြစ်ခဲ့ တာတွေထဲက တစ်ချို့ပါ။ ကျွန်တော့်ပရိသတ်တွေရဲ့ Accountတွေ မလိုအပ်ပဲ မပေါက်ကြားရအောင် Account Name တွေက စာလုံး အနည်းငယ် လျှော့ထားပါတယ်။

အဲဒီနေ့က ပြောဖြစ်တဲ့ ပရိသတ်၅၀၀ကျော် ရှိတာမို့ အနည်းငယ်လောက်ပဲ ဖော်ပြနိုင်တာ ခွင့်လွှတ်ပါ။

12:57 PM hninnthrimon: ဖူးစာရှင်စာအုပ် ဝယ်မရလို့ပါ။

me: ဩ ရန်ကုန်ကပဲလား

hninnthrimon: နေပြည်တော်ကပါ။

me: နေပြည်တော်ကဆိုင်တွေလည်း ပို့ထားတယ်နဲ့တူ တယ်။

12:58 PM hninnthrimon: ကုန်သွားပြီတဲ့

me: ဟုတ်လား ဖြန့်ချိရေးကို မေးကြည့်ပြီးစီစဉ်ပေးပါ့မယ်။

❖

BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com

12:58 PM beforelove: အစ်ကိုရေးထားတဲ့ထဲမှာ နှလုံးလမ်းကြောင်းကို မသိလို့ပါ။

12:59 PM me: လက်အပေါ်ဆုံးက လမ်းကြောင်းပါ။ နှစ်ဘက်ဆက်လိုက်ရင် ပစောက်ပုံဖြစ်သွားတတ်တယ်လေ။

❖

1:02 PM whitemirror: ဟယ်လို

1:03 PM me: ဟုတ်ကဲ့

1:04 PM whitemirror: ညီမ အစ်ကို့ဝတ္ထု ကြော်ငြာကို သတင်းစာမှာ တွေ့တယ်။ အွန်လိုင်းပေါ်မှာ တင်ထားလား

1:05 PM me: အွန်လိုင်းပေါ်တော့ မရှိသေးဘူး။ ကျွန်တော့်စာအုပ်အားလုံး အွန်လိုင်းပေါ်တင်ဖို့တော့ လုပ်နေတယ်။ ပရိသတ်တွေ အခမဲ့ ဖတ်နိုင်အောင်ပေါ့။ နောက်ထွက်မယ့်သုသာန်မှာ သိမ်းတဲ့ဖောတ် ဆိုတဲ့ စာအုပ်ကျရင် ကျွန်တော့်စာအုပ်တွေ ရနိုင်မယ့် Website နာမည်ကို အသေးစိတ် ကြော်ငြာပါ့မယ်။

❖

1:03 PM phyowai: မင်္ဂလာပါဆရာ။ နောက်ကျတယ်နော်။ စောင့်နေတာကြာပြီ

1:04 PM me: ဟုတ်တယ်။ ဖုန်းနဲ့ချိတ်တာ အဆင်မပြေလို့။ အင်တာနက်ဆိုင်ပြေးလာရတယ်။

1:05 PM phyowai: ဖူးစာရှင်တွက်တော့ ဝကြွင်းတာနဲ့ ပတ်သက်ပြီး မပါဘူး။ ဘာကို ကြည့်ရမလဲ။

1:06 PM me: ဝကြွင်းဆိုတာကလေ စားလုံးပြတ်သွားတာကိုပြောတာ။ တစ်လီလျှော့စားလိုက်ရင် အကြွင်းရရောပေါ့နော်။ ဥပမာ ၇နဲ့စားရတယ်ဆိုရင် ၇ကြွင်းတာပေါ့။ ၉နဲ့စားရရင် ၉ကြွင်းမှာပေါ့။

❖

1:03 PM aungaungmoe: ဖူးစာရှင်အကြောင်းမေးမလို့

me: ဟုတ်

1:04 PM aungaungmoe: အခု ဘယ်မှာလဲ ဖူးစာရှင်က

me: အင်း ကျွန်တော့်စာအုပ်က ကိုယ်နဲ့ဆုံမယ့် ဖူးစာရှင်ရဲ့ရုပ်ရည်ပဲ တွက်လို့ရတာလေ၊ အခုသူဘယ်ရောက်နေမလဲတွက်ဖို့တော့ … အင်း … ကျွန်တော် ရှေးနည်းဟောင်းတွေထဲက ထပ်ရှာဖွေပြီး နောင်အလျဉ်းသင့်ရင် နေ့ဝင်ဖူးစာရှင်ရုပ်ပုံလွှာ ၂ ထပ်ထုတ်ပါ့မယ်။

❖

www.burmeseclassic.com

www.burmeseclassic.com

1:07 PM hanhansweety: ဟိုင်း

me: ဟုတ်

1:08 PM hanhansweety: ဖူးစာရှင်အတွက် နှလုံးသား လမ်းကြောင်း တွက်တာ လက်နှစ်ဘက်ပေါင်းလား

1:09 PM me: ဟုတ်တယ်

hanhansweety: 12cm ဆို ဘာကို ယူရမလဲ

12.5 ဆို ဘယ်လို ယူရမလဲ

1:10 PM me: 12cm ဆို 12 ယူပါ။ 12.5 ဆို 13 ယူပါ။

❖

1:10 PM realcopy: ဒီပုံက အစ်ကို့ပုံလား

1:11 PM me: ဟုတ်ပါတယ်

realcopy: ဒါဆို ငယ်သေးတာပေါ့။ အသက်ဘယ်လောက်လဲ။

me: ၃၀ ပါ။

❖

1:11 PM yaminoo: အစ်ကို

ဖူးစာရှင်စာအုပ်ကို ဘယ်ကဝယ်ရမလဲ

BURMESE CLASSIC .com

1:13 PM me: ဆိုင်တော်တော်များများမှာရပါတယ်။ ၃၁လမ်း၊ ၃၂လမ်း။ ပန်းဆိုးတန်း၊ ဗိုလ်ချုပ်လမ်းတွေမှာ [illegible] မှာ ပေါ့။

yaminoo: ဪ၊ စာအုပ်အရောင်းဆိုင်တွေမှာရော ရလား အစ်ကို

1:14 PM me: အင်း တင်ထားရင်တော့ ရှိမှာပေါ့နော်

❖

1:14 PM nglrapper: နောက်တစ်ပတ်မှပဲ မေးတော့မယ်၊ အခုက လူအရမ်းများနေတယ်နဲ့တူတယ်

1:15 PM me: ဟုတ်တယ်၊ ဆောရီးနော်

nglrapper: ဒါနဲ့ အန်စာဗေဒင်လို စာအုပ်မျိုး ဆက်ထုတ်ဖို့ ရှိသေးလား။

me: ရှိပါတယ်၊ မသိစိတ်ဗေဒင်ဆိုပြီးတော့ …

1:16 PM nglrapper: အန်စာဗေဒင်က တော်တော်မှန်တယ်။

me: ဟုတ်လား၊ ကျေးဇူးပါဗျာ

❖

1:15 PM asiaqueen: ဖူးစာရှင်စာအုပ်ကို ကျွန်မ [illegible] မဖတ်ဘူး

www.burmeseclassic.com

www.burmeseclassic.com

သေးပေမယ့် အရမ်းစိတ်ဝင်စားတယ် ကျွန်မ ဝယ်ပဲဖတ်တော့မယ် မငှားနေတော့ဘူး

me: ဟုတ် ကျေးဇူးပါ

1:16 PM nglrapper: ဒါပေမဲ့ ကျမ စာအုပ်တစ်ချို့ကို ဖတ်ဘူးတယ်။ ဖူးစာရှင်တွေ့နိုင်တယ် ဘာညာရေးထားပြီး တကယ် လုပ်ကြည့်တော့ ဘာမှလည်း မဟုတ်ဘူး။

me: ကျွန်တော့်စာအုပ်ကတော့ တွက်ရတာပါဗျာ။ တကယ်တွက်ရင် တကယ် အဖြေထွက်ပါတယ်။

❖

1:35 PM smallfire: ညီမလေး အချစ်ရေးကံကောင်းမကောင်း သိချင်ပါတယ်

1:36 PM me: ဩ ကျွန်တော့်စာအုပ်က ဖူးစာရှင်ရုပ်ပုံပဲ တွက်လို့ရတာ အဲဒီလိုတော့ တွက်လို့မရဘူး။ နောက်မှ အလျဉ်းသင့်ရင် အဲဒီလိုတွေပါတွက်နိုင်အောင် မှော်ဝင်ဖူးစာရှင်ရုပ်ပုံလွှာ ၂ ဆက်ထုတ်ပါ့မယ်။

❖

1:40 PM nilarleo: ဆရာရေ

ဆရာရဲ့

အွန်လိုင်းမှာ ရှင်တယောက်တည်းဆို လက်မလည်မှာကို များ မစဉ်းစားမိရှာ့သလား

1:41 PM me: ဟုတ်တယ်၊ ကျွန်တော် လူ ဒီလောက်များမယ် မထင်မိဘူးဗျာ၊ လူဘယ်လောက်များများ ငါ့ စာရိုက်တာမြန်ရင် အဆင်ပြေမှာပဲလို့ ထင်ထားတာ

1:42 PM nilarleo: စာရေးဆရာကြီးတစ်ယောက်လုံး လုပ်နေပြီးညံ့ပါ့

1:43 PM me: စာရေးဆရာလည်း လူပဲဗျာ တစ်ခါတစ်လေတော့ အတွေးချော်မှာပေါ့၊ ပြီးတော့ ဒီလိုဖြစ်မယ်မှန်းသိတောင် တခြားလည်း အကူမခေါ်ချင်ပါဘူးဗျာ၊ ကျွန်တော်လို့ ထင်ပြီး ပြောကြတဲ့ဟာ တခြားသူကို ဝင်ချက်နိုင်းရင် မရိုးသားသလိုဖြစ်မှာပေါ့

❖

2:00 PM hnininzali: စာအုပ်ထဲမှာပါတဲ့ ဇာတ်လမ်းက ဖြစ်ရပ်မှန်လား။

2:01 PM me: ဝတ္ထုပဲဟာ ဒီလိုပဲ စိတ်ကူးယဉ်ပြီးရေးရတာပေါ့ နော်

www.burmeseclassic.com

www.burmeseclassic.com

2:02 PM hnininzali: ဒါဆို မဖဲဝါစာအုပ်တို့ ဘာတို့ကရော။

2:03 PM me: အဲဒါတွေကတော့ အမှန်များပါတယ်။

❖

2:07 PM snowqueen: နှလုံးသားနံပါတ်ဆိုတာက

2:08 PM me: စာအုပ်ရဲ့ စာမျက်နှာနံပါတ်ဖိုဂူမှာ ဇယားလေးပေး ထားတယ်လေ။ အဲဒီဇယားမှာရှာကြည့်နော်။

❖

2:09 PM kaungsat: ခင်ဗျားစာအုပ်ရေးကောင်းလား

2:10 PM me: ဟုတ်၊ ကောင်းပါတယ်ဗျာ။

2:11 PM kaungsat: ကုန်သွားပြီလား

2:12 PM me: ကုန်တော့မယ်ပြောတယ်၊ ထပ်ရိုက်ဖို့တောင်စီစဉ်နေပြီ ခုတလော ကျွန်တော်ထွက်တဲ့ထဲမှာတော့ ဒီတစ်အုပ် ဟော့အဖြစ်ဆုံးပဲ

❖

2:13 PM hghappygirl: စာအုပ်ထဲကနဲ့တူအောင်မဆွဲတတ်ဘူး။

2:14 PM me: ပုံတွေချည်းသက်သက် စာတစ်ရွက် မေတ္တာလက် ဆောင် ထည့်ပေးထားတယ်လေ၊ အဲဒါကို ဖြတ်ပြီးကပ် ပေါ့

2:15 PM hghappygirl: ဪ အဲဒီလိုလုပ်ရမှာလား အစ်ကိုရေးတဲ့စာအုပ်တိုင်းကို အရမ်းကြိုက်တယ်။

2:16 PM me: ကျေးဇူးပါပဲဗျာ

❖

2:27 PM ghosttheatr: စာအုပ်ထဲကအတိုင်းတွက်ကြည့်တာ တချို့ တွေအတွက်မှန်ပြီး တချို့ကတော့ မမှန်ဘူးဖြစ်နေတယ်။ လမ်းထဲက အိမ်ထောင်ရှင် ၄တွဲနဲ့ ချစ်သူ ၄တွဲကို လုပ် ကြည့်တာ၊ အိမ်ထောင်ရှင် ၄တွဲက မှန်ပြီး ချစ်သူ ၄တွဲက တော့ မမှန်ဘူးဗျ။

2:28 PM me: တွက်တာ နည်းနည်းများ လိုနေ လွဲနေတာရှိသလား ဗျာ။ ဘာပဲဖြစ်ဖြစ် ကျွန်တော်ပေးတဲ့နည်းဟာ အိမ်ထောင် ရှင် ၄တွဲအတွက် မှန်တယ်ဆိုလို့ ဝမ်းသာပါတယ်။ ချစ် သူဆိုတာတော့ မပေါင်းဖက်ရသေးတာမို့ တကယ့်ဖူးစာ ရှင် ဟုတ်မဟုတ် ဘယ်ပြောနိုင်မလဲနော်။ ပြီးတော့ ဒီနည်းက ကိုယ်တိုင်တွက်ရင်ပိုမှန်တယ်တယ်။

❖

www.burmeseclassic.com

www.burmeseclassic.com

2:35 PM kkhineph: နှုတ်ခမ်းတွက်တာ ဝ ကြွင်းနေတယ်။

2:37 PM me: ဝကြွင်းအတွက်ပုံပါတယ်လေ။

kkhineph: မပါပါဘူး၊ ပြန်ကြည့်ကြည့်ပါ။

2:38 PM me: ဝကြွင်းက ဖြကြွင်းနဲ့ အတူတူပဲလေ။

❖

2:45 PM roseheart: အစ်ကိုမဖဲဝါစာအုပ်ရေးတော့ မကြောက်ဘူးလား ဟင်

2:45 PM ညီမဆို ည ၁၂းဝဝနာရီ အိမ်ရှေ့ထွက်ကြည့်တာ သီလားတွေ့မလားလို့လေ၊ အစ်ကိုရေ။

me: အင်း ကျွန်တော်လည်းလူပဲ ကြောက်တာပေါ့နော်။

❖

2:47 PM ingin ဖူးစာရှင်က ဘယ်လိုသိရမှာလဲ၊ အဲဒါကျတော့ အောက်လမ်း မဆန်ဘူးလား

2:48 PM me: အောက်လမ်းမဟုတ်ပါဘူး၊ ဗေဒင်နည်းပါ၊ တွက်ရတာပါ

❖

3:04 PM aungpaing: ကျွန်တော် စာမေးပွဲအောင်မအောင်

3:08 PM me: ကြိုးစားရင်အောင်မှာပေါ့ ငါ့ညီရယ်၊ အဲဒါက တွက်စရာမလိုပါဘူး။ ပြီးတော့ အစ်ကို့စာအုပ်က ဖူးစာရှင်ပဲ တွက်လို့ရတယ်ကွာ အဲဒါတော့ တွက်လို့မရဘူး၊ အစ်ကိုရေးတဲ့ ထူးချွန်စွာအောင်စေသော် ဆိုတဲ့ စာမေးပွဲနဲ့ ပတ်သက်တာတစ်အုပ်တော့ရှိတယ်၊ ကြုံရင် ဖတ်ကြည့်ပေါ့နော်

❖

3:27 PM superlulalmalay: မိုးက စာအုပ်တော့ မဖတ်ရသေးဘူး၊ မိုးအဒေါ်က သတင်းစာထဲမှာတွေ့လို့ပ မိုးကို ပြောတာ

3:28 PM me: ဟုတ်ကဲ့

3:29 PM superlulalmalay: မိုး လုပ်ကြည့်ချင်တယ်၊ သရဲတွေဘာတွေတော့ မပေါ်လာလောက်ပါဘူးနော်

3:30 PM me: ဟာ မပေါ်ပါဘူးဗျာ၊ ဒါဆန်းပြားတဲ့ ဗေဒင်တွက်နည်း တစ်ခုပါ၊ အဆင့်ဆင့်တွက်ရတာပါ။ သရဲနဲ့ အဝေးကြီးပါဗျာ။

❖

www.burmeseclassic.com

www.burmeseclassic.com

3:33 PM bunnybug: အစ်ကိုစာအုပ်တွေကို ဒီထက်ပို ကြောက်ဖို့ကောင်းအောင် ရေးပါလား။
XXX ဆိုတဲ့ ကလောင်ဆို ပိုပြင်းသလိုပဲ။

3:34 PM me: ကျွန်တော်ကလေ သရဲရေးတယ်ဆိုပေမယ့် ဝတ္ထုရေးတာပါ။ ကြောက်စရာကြီးသက်သက် ဖြစ်ခြောက်ရအောင် မရေးပါဘူး။ ရသမြောက်အောင်ရေးပါတယ်၊ အရေးအသားကောင်းအောင် ဇာတ်လမ်း ဆွဲဆောင်မှုရှိအောင်ရေးပါတယ်။ ရွံစရာကြီးမဖြစ်သွားအောင် ရှောင်ပါတယ်။ မကြောက်ကြောင်အောင် ဖြစ်ခြောက်တာမျိုးက ဘာလုပ်မှာလဲနော်။ ဝတ္ထုဆိုတာ ဖတ်ကောင်းမှပေါ့။

3:35 PM bunnybug: အင်း အစ်ကိုစာအုပ်တွေက အစစ်အမှန်တွေပဲလား

3:36 PM me: ဟုတ် အပြင်မှာရှိတဲ့ဇာတ်လမ်းတွေပဲ ကျွန်တော်အရေးများတယ်၊ ယိုးဒယားသရဲကားတွေ၊ နိုင်ငံခြားသရဲကားတွေ ကူးချရင် လွယ်တာပေါ့နော်၊ ဒါပေမဲ့ ပရိသတ်လဲ ကိုယ့်ဖာသည် ဝယ်ကြည့်လို့ရတာပဲ၊ အဲဒီလို ကူးချတာ စာဖတ်သူကို စော်ကားတာလို့ ထင်တယ်။

3:37 PM bunnybug: အမှားပါရင်တောင်းပန်ပါတယ်နော်

3:38 PM me: ညီမပြောတာမမှားပါဘူး၊ ခုကဗျာ ထုတ်ဝေသူကတွေ့ရာဝယ်ထုတ်ပြီး ကလောင်နာမည် တပ်ချင်ရာတပ်တဲ့ သရဲရေးသူတွေကြားမှာ ကိုယ့်ကိုယ်ကို သရဲဝတ္ထုရေးတဲ့ စာရေးဆရာလို့တောင် ပြောရမှာ ရှက်လာတယ်။

3:39 PM bunnybug: တခြားသရဲဝတ္ထုရေးသူတွေက ကိုယ်တိုင်မရေးကြဘူးလား

3:38 PM me: ကိုယ်တိုင်ရေးတာ အင်မတန်နည်းကြတယ်။ သိသာပါတယ်ဗျာ နာမည်ရနေပါလျက်နဲ့ လူလုံးထွက်မပြရင် ကိုယ်တိုင်မရေးတာများတာပေါ့၊ ထုတ်ဝေသူကပဲ အဲဒီကလောင်နာမည်ကိုပိုင်ထားပြီး တွေ့ရာစာမူဝယ်ထုတ်နေတာ

❖

3:45 PM lovelablelonely: စာအုပ်က ဝယ်လို့လဲ မရ ငှားလို့လဲ မရ ဖြစ်နေလို့ပါ၊ ဒီတိုင်းမေးလို့ရပါသလား။

3:48 PM me: ရပါတယ်၊ ဒီနေ့က ပရိသတ်ကို တွေ့တာပါပဲ၊ ဖူးစာရှင်အကြောင်းမေးချင်ရင်တော့ စာအုပ်ဖတ်ပြီးမှ မေးရင် ပိုတိကျတာပေါ့နော်

❖

www.burmeseclassic.com

www.burmeseclassic.com

3:49 PM minkopayyan: Facebook မသုံးဘူးလား။

3:50 PM me: Facebook မှာ kyawswardeath@gmail.com နဲ့ရှာကြည့်ရင် တွေ့ပါလိမ့်မယ်။

❖

3:52 PM mayphoomyat: ဆရာ အဲဒီ တွက်နည်းကို ဘယ်လို သိတာလဲ ဟင်

3:53 PM me: အိန္ဒိယ လောကီပညာကျမ်းတစ်စောင်က ရတာပါ။

3:54 PM mayphoomyat: ယောက်ျားလေးတွေရော မိန်းကလေးကို တွက်လို့ရလားဟင်

3:55 PM me: ရပါတယ်၊ ကိုယ်တိုင်အတွက် တွက်ရင်ပိုမှန်တယ်။

❖

4:02 PM myunincho: ဆရာ မော်ဝင်ဖူးစာရှင်ရုပ်ပုံလွှာက မှန်မှန် ကန်ကန် ဖော်ပြလို့လား

4:03 PM me: ဖော်ပြဘာပေါ့

4:04 PM myunincho: သက်သေပြချက်ရှိလို့လား

4:05 PM me: ဒါဟာ ဗေဒင်နည်းတစ်ခုပါ၊ အတော်လေးမှန်တာကို တွေ့ရပါတယ်။ ဘုရားဟောကလွဲရင် အကြွင်းမဲ့ဆိုတာ တော့ ဘယ်ဖြစ်နိုင်ပါ့မလဲ

❖

4:08 PM roseprincess: ဒဿကျော်စွာလို့ ဘာလို့ ပေးတာလဲ။ ကြိုက်လို့လား နေ့နံအရလား။

4:09 PM me: ၂မျိုးလုံးပါပဲ။ အင်္ဂလိပ်လိုရေးရင် ကျွန်တော့်နာမည်ကို kyawswarthedeath လို့ ရေးလေ့ရှိတယ်။ သမိုင်းမှာ ထင်ရှားတဲ့ Alexander The Great တို့၊ PeterThe Great တို့ ရှိတယ်လေ။ ကျွန်တော်က Kyawswar The Death.

❖

4:13 PM kolusoelay: မဖဲဝါစာအုပ်က ဘယ်တော့ထွက်မှာလဲ အစ်ကို

4:14 PM me: ရှေ့လ

❖

4:15 PM sheva: ဆရာအရင်က ထွက်ခဲ့တဲ့စာအုပ်တွေ စာအုပ်ဆိုင် တွေမှာ မရှိတော့ဘူးဆရာ၊ သရဲကျမ်းနောက်က ထွက်တဲ့ စာအုပ် တွေလေ

4:16 PM me: ၃၁လမ်း ၃၂လမ်းကဆိုင်တွေမှာတော့ ရှိဦးမယ် ထင်တယ်

www.burmeseclassic.com

www.burmeseclassic.com

4:17 PM sheva: ကိုယ်တွေ့ဖြစ်ရပ်မှန်တွေချည်းပဲ စုရေးတဲ့စာအုပ် လေ စာရေးဆရာ သင်တိုင်းညိုနဲ့ ဆရာတွဲရေးထားတာ လေ အဲဒါတွေလဲ မတွေ့ရတော့ဘူးနော်

4:18 PM me: အင်း ၃အုပ်တော့ ထွက်ထားတယ်၊ သင်တိုင်းညို လည်း ပျောင်းပါပဲ၊ ထွက်တော့ ထွက်ပါလိမ့်မယ်။

4:19 PM sheva: ဖူးစာရှင်စာအုပ်မှာပါတဲ့ မျက်လုံးကို ကွင်းတဲ့ နည်းက လုပ်လို့ရလား။ ဆရာ့စာအုပ်မှာ မရဘူးရေး ထားလို့ပါ

4:21 PM me: အဲဒီစာအုပ်ထဲက ဇာတ်ကောင်မရတဲ့သဘော ရေး တာပါ တစ်ချို့လည်း အဲဒီနည်းတွေနဲ့ အဆင်ပြေတယ် ပြောပါတယ်။

❖

4:32 PM sheva: ဖူးစာရှင်နဲ့ ဘယ်အချိန်လောက်ဆုံနိုင်မလဲဆိုတဲ့ နည်းရော ရှိလားမသိဘူး။

4:35 PM me: ဟုတ် အဲဒါကို တော်တော်မေးကြတယ်။ ဒီတိုင်းဆို ကျွန်တော် မှော်ဝင်ဖူးစာရှင်ရှပ်ပုံလွှာ ၂ ဆက်ရေးမှဖြစ် တော့မယ် ထင်တယ်

❖

4:42 PM maintmaint: ဆရာ ဘာစာအုပ်တွေ နောက်ထပ်ထွက်ဖို့ ရှိသေးလဲ

4:43 PM me: သုသာန်မှာ သိမ်းတဲ့ဇာတ်။
သုံးဘဝမောင်နှမ။
ဒီလောက်ပဲ ပြောထားမယ်နော်၊ နို့မို့ဆို နာမည် ခိုးပြီး လိုက်ရေးခံရလို့။

❖

4:52 PM sumyatnwe: အပျိုကြီးဖြစ်မယ်ဆိုရင်ရော ဖူးစာရှင်ပုံထွက် တာပဲလား

4:53 PM me: အတော်ကောင်းတဲ့ မေးခွန်းပဲ၊ ဟုတ်တယ် ဘယ်သူ ထွက်ထွက် ဖူးစာရှင်ပုံတစ်ပုံတော့ ထွက်မှာပဲလေ။ ဒီ နည်းက အင်္ဂလိပ်လိုဆိုရင် How to search your soul mate လေ။ ဖူးစာရှင်ကတော့ လောကရဲ့ တစ်နေရာ မှာ ရှိနေမှာပါ၊ ကိုယ်က အပျိုကြီး လူပျိုကြီးဖြစ်ကံပါနေ ရင်တော့ သူနဲ့ နှလုံးသားချင်းပဲ ပေါင်းခွင့်ကြုံပြီး လူချင်း ဘယ်နီးရမလဲနော်။

✸

www.burmeseclassic.com

www.burmeseclassic.com



တကယ်တမ်းအပေါ်ယံအမြင်အားဖြင့် သာမန် ရိုးရိုးအုတ်ဂူလေးနှစ်ခုသာ ဖြစ်ပါသည်။

သို့သော် ကျောက်တိုင်ဆိုသော ရွာကလေးတွင် ရှိသည့် လူပြောသူပြောများလှသော ထူးခြားမှုအားလုံး တို့သည် ထိုအုတ်ဂူလေးနှစ်ဂူနှင့် ပတ်သက်ဆက်နွယ် ၍ နေကြလေ၏။

'ကျောက်တိုင်ရွာ' ဆိုသည်က လယ်ယာစိုက် ပျိုးရေးလုပ်ငန်းများဖြင့် စည်ပင်သာယာလှသော ရွာက လေးတစ်ရွာ ဖြစ်သည်။

ရန်ကုန်မြို့မှ အထွက်တွင် ရန်ကုန်-မန္တလေး

www.burmeseclassic.com

www.burmeseclassic.com



လမ်းမကြီး၏ လက်ဝဲဘက်သို့ ရှစ်မိုင်ခန့် ဖဲ့ဆင်းလိုက်မည်ဆိုပါက ထိုရွာကလေးသို့ ရောက်ပေမည်။

ရွာကလေးနှင့် တစ်မိုင်ခန့်အကွာ ကုန်းမြင့်ကမူပေါ်တွင် ထူးထူးခြားခြားတည်ရှိပြီး မည်သည့် ဘာသာစကားဖြင့် ရေးထိုးထားမှန်း မသိသော စာကြောင်းများပါရှိရာ ကျောက်တိုင်ဟောင်းကြီးတစ်ခုအား အစွဲပြု၍ 'ကျောက်တိုင်ရွာ' ဟူသော အမည်တွင်ခဲ့ရလေသည်။

ရွာစွန် မြေကွက်လပ်အလယ်၌ အဆိုပါ အုတ်ဂူလေးနှစ်ခုမှာ ထီးတည်းတည်ရှိနေခြင်း ဖြစ်၏။

မြေကွက်လပ်၏ တစ်ဘက်တွင်တော့ ရာဘာစိုက်ခင်းကြီးက တပြန့်တပြော မျက်စေ့မဆုံးအောင်ပင်။

ရွာနှင့် ရာဘာစိုက်ခင်းအကြားတွင် ထိုအုတ်ဂူနှစ်ဂူမှာ အဆီအငေါ်မတည့်စွာ ကြားခံ၍နေ၏။

ရွာရှိ ရှေ့မီနောက်မီ သက်ကြီးရွယ်အိုများက ပြောပြကြပါသည်။

"ဟိုတုန်းက ဒီနေရာမှာ ရွာသင်္ချိုင်းဟောင်းရှိခဲ့ဖူးတယ်"



တဲ့။ နောက်ပိုင်းမှာမှ သင်္ချိုင်းဖျက်ပြီး နေရာချသည့်အခါ ထို အုပ်ဂူလေးနှစ်ဂူသာ သီးသန့်ကွက်ကျန်ရစ်ခဲ့ရချေ၏။

အဘယ်ကြောင့် ထိုဂူလေးနှစ်ဂူသာ ကွက်ကျန်ရစ်ခဲ့ရပါသနည်းဆိုသည်နှင့် ထို ဂူနှစ်လုံးအကြောင်းဆက်လက် မေးမြန်းသောအခါမှာတော့ အလွန်စိတ်လှုပ်ရှားလိုက်မောဖွယ် အဖြစ်အပျက်တို့အကြောင်း ခရေစေ့တွင်းကျ ကြားခဲ့ရပါလေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



# တောင်သူ ဦးသာဝ
# ထံမှ ကြားသိခဲ့ရသော
# အဖြစ်အပျက်များ

www.burmeseclassic.com

www.burmeseclassic.com



ဦးသာဝသည် အသက် ခုနစ်ဆယ်ခန့်ရှိပြီး အရပ်ခပ်ပြတ်ပြတ်၊ ပြုံးချိုသော မျက်နှာထားရှိသူဖြစ်သည်။

လယ်ယာအလုပ်ကို ဓားမဦးချလုပ်ကိုင်လာခဲ့သူ တစ်ဦးဖြစ်ကာ ကျောက်တိုင်ရွာရှိ ရှေးမီနောက်မီလူကြီးတစ်ဦးလည်း ဖြစ်သည်။မည်သည့် ဘာသာစကားဖြင့် ရေးထိုးထားမှန်း မသိသော စာကြောင်းများပါရှိရာ

စကားကို အေးအေးလူလူ တစ်လုံးချင်း ပြောလေ့ရှိပြီး ပါးစပ်ထဲတွင် ကွမ်းတမြုံ့မြုံ့ အမြဲဝါးနေလေ့ရှိသည်။

အုတ်ဂူလေးနှစ်ခုနှင့် ပတ်သက်ပြီး ပြောပြရာတွင် အဖြစ်အပျက်အားလုံးကို အသေးစိတ်ပြောပြနိုင်၏။

တစ်ချက်တစ်ချက် ကြောက်ရွံ့သလို အသံတိုးသွားသည်မှအပ သူ ကြားသိပူးသမျှအား လိုလိုလားလား ပြောပြချင်သူလည်း ဖြစ်သည်။

အထူးသဖြင့် သူ အဓိကထားပြောပြသည်မှာတော့ ရှာသစ်ချိုင်းဟောင်း နေရာရွှေ့စဉ်က အကြောင်းများပင် ဖြစ်လေသည်။



“ဒါတွေဖြစ်ခဲ့တာက အင်္ဂလိပ်ခေတ်ကကွဲ”

ဟု ဦးသာဝက သူ့စကားကို စတင်ခဲ့သည်။

အင်္ဂလိပ်ခေတ်တွင် မြေလွတ်မြေရိုင်းများအား ထုတ်ဖော်ရှင်းလင်းကာ စိုက်ပျိုးခင်းများအဖြစ် အသွင်ပြောင်းခဲ့သော စီမံကိန်းတစ်ခု ထိုဒေသ၌ လုပ်ဆောင်ခဲ့ဖူးလေသည်။

“ဒီအချိန်မှာ ရွာသင်္ချိုင်းဟောင်းကို နေရာရွှေ့ဖို့ ဖြစ်လာခဲ့တာပဲ”

ရွာသင်္ချိုင်းဟောင်းကိုလွှမ်းသော မြေရိုင်းလွင်ပြင်ကြီးက တဆက်တစ်စပ်တည်း ကျယ်ပြောစွာ ရှိနေခဲ့၏။ ထို မြေရိုင်းလွင်ပြင်ကြီးတွင် ရာဘာခြံများ ထူထောင်မည်။

ထို့ကြောင့် သင်္ချိုင်းကို တစ်ခြားဘက်သို့ရွှေ့ရန် တာဝန်ရှိသူများက ဆုံးဖြတ်ကြသည်။

သို့မှာသာ ရွာနှင့်စိုက်ခင်းအဆင်ပြေပြေ ကူးလူးသွားလာနိုင်မည်မဟုတ်လား။

✸

www.burmeseclassic.com

www.burmeseclassic.com



နံနက် အစောကြီးကတည်းကပင် သူတို့ ဒီမှာ ရောက်ရှိနေကြ၏။

ပြည့်ကြပ်စုပုံနေသော သင်္ချိုင်းအုတ်ဂူများကို ငေးကြည့်ရင်း တစ်ချို့က သက်ပြင်းချသည်။

"အမယ်လေး ဒါတွေအားလုံး ရှင်းရမှာတော့ တကယ့်ကို မလွယ်ကြောပဲ"

ထိုပြောစကားများအားကြားသည့်အခါ အလုပ်သမားခေါင်းအဖြစ် တာဝန်ယူထားသော မြတ်စံက မာန်မဲလေသည်။

"လုပ်တောင်မလုပ်ရသေးဘူး၊ ဘာကိစ္စ ညည်း



နေကြတာလဲကွ ဟေ၊ လုပ်စရာများလေ ငါတို့ ပိုက်ဆံ ပိုရလေပေါ့ မင်းတို့ ဒါလေးတောင် နားမလည်ကြဘူးလား"

သူ့စကားကြောင့် အလုပ်သမားအားလုံး ငြိမ်သွားကြသည်။

တိတ်ဆိတ်စွာပင် ပေါက်တူးများ၊ တူရွင်းများ ကို[illegible]ဆင်ပြီးတော့မှ တစ်ယောက်က မြတ်စံအား...

"ကျွန်တော်တို့ ဘယ်ကို အရင်ရှင်းကြမှာလဲ" ဟု မေးလေသည်။

မြတ်စံက သင်္ချိုင်းတစ်ခုလုံးကို တစ်ချက်ဝေ့ကြည့်လိုက်၏။

ထိုနောက် တစ်နေရာသို့ လက်ညှိုးထိုး ညွှန်ပြသည်။

"အလွယ်ဆုံးဖြစ်မယ်ထင်တာက စ ရှင်းကွာ၊ ဟိုမှာ မြင်ရတဲ့ အုတ်ဂူအသေးလေးနှစ်ဂူ တွေ့လား၊ အဲဒါတွေသာ စဖြိုပေတော့"

သူညွှန်ပြသည်က ယှဉ်တွဲလျက်ရှိသော အုပ်ဂူ

www.burmeseclassic.com

www.burmeseclassic.com



ငယ်လေးနှစ်လုံးပင်။

အလုပ်သမားများသည် သူတို့ လက်နက်ကိရိယာများ ကိုင်ဆောင်ကာ အုပ်ဂူနှစ်ခုဆီ ဝိုင်းဝန်းချဉ်းကပ်လာကြလေ၏။

သို့သော် ...

တစ်နေရာအရောက်တွင် ...

ရှေ့ဆုံးမှသွားနေသူများအနက် အလုပ်သမားတစ်ယောက်က ခြေလှမ်းတို့တုံ့ကနဲ ရပ်တန့်လိုက်၏။

"ဘာဖြစ်လို့လဲကွ"

ရပ်တန့်လိုက်သူမှာ မရွံ့မရဲဟန်ပန်တို့ သိသိသာသာပေါ်လွင်၍ နေသည်။

"ဒီ သင်္ချိုင်းကို အမိန့်ပြန်ပြီးပြီလား ဟင်"

အနီးရှိ လူတွေက ဝိုင်းမေးကြ၏။

"ဘာပြောတာလဲ"

"ဒီသင်္ချိုင်းကို အမိန့်ပြန်ပြီးပြီလားလို့၊ ဒီလိုသင်္ချိုင်းတွေဘာတွေရွှေ့ရင် အမိန့်ပြန်ပြီး နေရာတွေ ပြောင်းပေးရတယ်လေ၊ အဲဒါလုပ်ပြီးပြီလားလို့ မေးတာ"



ထိုစဉ် သူတို့ ရုံးစုရုံးစုဖြစ်နေသည်ကို တွေ့သော အလုပ်သမားခေါင်းမြတ်စံက အနားသို့လျှောက်လာခဲ့သည်။

"ဘာဖြစ်ကြပြန်တာလဲကွ၊ ဟေ့ကောင်တွေ"

"ဒီမှာ ဒီကောင်က သင်္ချိုင်းပြောင်းရင် အမိန့်ပြန်ပြီး အရင်နှင်ရတယ်ဆိုလား ပြောနေလို့"

တစ်ယောက်က ပြောပြသည်။

မြတ်စံမှာ ရပ်နေသူရှေ့ လျှောက်သွားကာ ခပ်တင်းတင်း စိုက်ကြည့်လိုက်လေ၏။

"မင်းက ဘာဖြစ်ရပြန်တာတုန်း"

"ကျွန်တော်က ထုံးတမ်းစဉ်လာရှိတာကို ပြောတာပါ"

"မလိုချင်ဘူးကွာ၊ ဘာထုံးစံမှ ... ၊ မင်းကောင်းကောင်းလုပ်မှာလား မလုပ်ဘူးလား၊ ဒါပဲပြော"

"အဲဒီလို အမိန့်တွေ ဘာတွေ ပြန်မထားဘူး

www.burmeseclassic.com



ဆိုရင်တော့ ကျွန်တော်မလုပ်ရဲဘူး ခင်ဗျ”

“အေး ဒါဆိုလည်း ပြီးတာပဲကွာ၊ မင်းမလုပ်ချင် ပြန်တော့”

ဟိုလူက ပေါက်တူးကို ထမ်းကာ အလုပ်သမား အုပ်ထဲမှ တိတ်ဆိတ်စွာ ကျောခိုင်းထွက်ခွာလေ၏။

မြတ်စံက စကားတစ်ခွန်းတော့ လှမ်းအော်ပြောလိုက်သည်။

“အေး ဒါပေမယ့်၊ တစ်ခုတော့ မင်းမှတ်သွားလိုက်၊ နောက်ကို ငါ့ဆီက ဘယ်အလုပ်မှမင်း လာတောင်းဖို့ မစဉ်းစားနဲ့တော့”

ထွက်ခွာသူ တုံ့ကနဲ ဖြစ်သွားရသည်။

အလုပ်သမားခေါင်းမြတ်စံနှင့် မပြေမလည် ဖြစ်သည်ဆိုလျှင် သူ့အတွက် နောက်ပိုင်းမှာ အလုပ်အကိုင်များ ရှားပါးပေတော့မည်။

ဒီ သင်္ချိုင်းရှင်းသည့်အလုပ်ကို ပြီးအောင်လုပ်လျှင်ပင် ရမည့်လုပ်အားခက သူတို့ တစ်အိမ်ထောင်လုံး အတွက် တစ်လစာ စားစရိတ် ဖူလုံပေလိမ့်မည်။



သို့သော် မတတ်နိုင်တော့။

ကြောက်ရွံ့စိတ်က သူ့အား ပိုမိုဆိုးရွားစွာ ဖိစီးထားခဲ့လေပြီ။

✸

www.burmeseclassic.com

www.burmeseclassic.com



ခဏအကြာမှာပင် ...

သူတို့ ပြဿနာပေါ်လေတော့သည်။

တိတိကျကျပြောရပါလျှင် အုပ်ဂူနှစ်ဂူအနက် ဝဲဘက်အစွန်ဆုံး အုပ်ဂူ၏ အုပ်တစ်ချပ်ကို စတင်တူးပေါက်လိုက်မိစဉ်မှာဖြစ်သည်။

**'အား'** ကနဲ ...

ရုတ်တရက်ထွက်ပေါ်လာသည့် အလုပ်သမားတစ်ယောက်၏ မရှိမဆန့်အော်ဟစ်သံကြောင့် အားလုံးမျက်ကလဲဆန်ပြာ ဖြစ်ကုန်ကြသည်။

အော်ဟစ်ခဲ့သော အလုပ်သမားမှာ မြေပေါ်လဲ



ကျ လူးလိမ့်နေချေပြီ။

သူ့ခြေတစ်ဖက်ကိုသူ တင်းတင်းဆုပ်ကိုင်ထား၏။ တစ်ကိုယ်လုံးမှာလည်း ချက်ချင်းပုံ၍လာသော ချွေးစေးများစွာ ရွှဲနစ်လျက်။

"ဘာဖြစ်တာလဲ၊ ဘာဖြစ်တာလဲ"

ဟု ဝိုင်းမေးကြသံမှာ ကြားမှာပင် လဲကျသော အလုပ်သမားမှာ အသံခပ်ယဲ့ယဲ့သာ ပြောပြနိုင်ရှာ၏။

"ပိုးထိသွားလို့"

တဲ့။ အဖြေစကားကြားသည့်အခါ သူတို့အံ့အားသင့်သွားမိကြလေသည်။ အနားမှာ ဘယ်မြွေတစ်ကောင်မှ သူတို့ မမြင်လိုက်ကြသည်ပဲ။

"မဖြစ်နိုင်ပါဘူး"

ဟု မြတ်စံက ငြင်းသည်။

ငြီးငြူနေသည်အား နှစ်သိမ့်ကာ ခြေထောက်မှဒဏ်ရာကို ကြည့်ရှုရ၏။

ထိုအခါ မြတ်စံကိုယ်တိုင်ပင် အံ့အားသင့်သွားခဲ့ရလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ဒဏ်ရာမှာ တကယ်ပင် မြွေကိုက်ထားသလို ဖြစ်နေ၏။

ခြေဖမိုးအသားပြင်ပေါ်တွင် အစွယ်ပေါက်ရာလို အပေါက်လေးနှစ်ပေါက်ပေါက်လျက်။ ဒဏ်ရာတစ်ဝိုက်တွင်လည်း ချက်ချင်းလိုလို ညိုမည်း ယောင်ကိုင်းလာလေတော့သည်။

ဒီနေရာသည် သဲချိုင်းမြေဖြစ်၏။ တောထဲခြုံထူထူနေရာမျိုး မဟုတ်။ ဒီလိုနေရာမှာ ဘယ်ကမြွေလာ ရှိနေရတာလဲ။

ပြီးတော့ လူသံသူသံ ဒီလောက်ဆူဆူညံညံမှာ ဒီမြွေက ထွက်မပြေးဘဲ ကိုက်ဖို့ တမင်စောင့်ဆိုင်းနေရှာသလား။

ကိုက်တာမှလည်း ရင်ဘောင်တန်းရပ်နေကြသော အလုပ်သမားများအနက် အလယ်ကတစ်ယောက်အား ရွေးကိုက်သလို ဖြစ်နေခဲ့သည်။

သို့သော် တစ်ခုတော့ရှိပါသည်။

ထိုသူမှာ အုတ်ဂူကို ပထမဆုံးဖြိုရန်အားထုတ်သူဖြစ်နေခြင်းပင်။



ဒေါသဖြင့် မြတ်စံကအော်၏။

"ဟေ့ကောင်တွေ၊ ကိုက်သွားတဲ့မြွေကို တွေ့အောင် ရှာကြစမ်း၊ မိလို့ကတော့တစ်ခါတည်း အသေကို သတ်ရမယ်"

သို့သော် ဘယ်မှာမှ သူတို့ မြွေကိုရှာမတွေ့ကြ။ အားလုံး ဝိုင်းပြောကြသည်။

"မြွေနဲ့တူတာတောင် လုံးဝ မတွေ့လိုက်ရပါ"

တဲ့။ သို့သော် အလုပ်သမားတစ်ယောက်မှာတော့ မြွေကိုက်ဒဏ်ရာဖြင့် အနီးဆုံးဆေးခန်းသို့ ပို့ဆောင်ခဲ့ရလေပြီ။

✸

www.burmeseclassic.com

www.burmeseclassic.com



ဦးသာဝသည် ထိုစဉ်က သံချိုင်းရွှေ့သူများတွင် တစ်ယောက်အပါအဝင် ဖြစ်ခဲ့လေ၏။

သူကိုယ်တိုင် ထိုစဉ်က တွေ့ကြုံခဲ့သည်များအား အတိအကျ ပြန်ပြောပြနိုင်ခဲ့သည်။

"ဒီနောက်တော့ တို့အလုပ်သမားတွေ အားလုံး ကြောက်သွားကြသပေါ့ကွာ၊ ဟို အမိန့်မပြန်တဲ့ ကိစ္စ ပြောသွားစဉ်ကတည်းက တို့စိတ်ထဲ တစ်မျိုးဖြစ်နေခဲ့တာလေ၊ အခုတော့ တို့မျက်စိရှေ့တင် လူတစ်ယောက် တုံးကနဲ လဲကျသွားတော့ အုတ်ပွန်းစ်ပူကို ဆက်ကို မဖျက်ရဲတော့ဘူး၊



မြတ်စံကလည်း တခြားဂူတွေကိုပဲ အရင် ပြောင်းဖျက်ခိုင်းပါတယ်၊ ဒါပေမယ့် အလုပ်က သိပ်မတွင်ဘူး၊ ညနေရောက်တော့ တို့ဆီက သတင်းက ရောက်လာတယ်၊ ပိုးထိတဲ့အလုပ် သမား ဆုံးပြီတဲ့၊ တို့လည်း စိတ်မကောင်းစွာနဲ့ အလုပ်ခွင်သိမ်းလိုက်ကြတယ် ...

... ဒါပေမယ့် နောက်နေ့ကျတော့ အလုပ်ကို ဘယ်သူမှ မသွားကြတော့ဘူး၊ သံချိုင်းရွှေ့တဲ့ ဆီ ပြောတာလေ၊ အလုပ်သမား ရှာမရတာနဲ့ မြတ်စံလည်း တာဝန်ရှိသူတွေကို အကျိုး အကြောင်းတင်ပြပြီး အလုပ်ပြန်အပ်လိုက်တယ် ပြောတာပဲ"

www.burmeseclassic.com

www.burmeseclassic.com



# အရပ်လတ်သည့် ဒေါ်ရွှေလေး
# ထံမှ ကြားသိခဲ့ရသော
# အဖြစ်အပျက်များ

www.burmeseclassic.com

www.burmeseclassic.com



ဒေါ်ရွှေလေးသည် နားအနည်းငယ်ထိုင်းသဖြင့် သိလိုသည်များကို သိပ်မေးယူ၍မရဘဲ သူပြောသွားသည်များသာ ဂရုတစိုက် နားထောင်ရလေသည်။

ပြောင်းပူးပေါက် ဆေးပြင်းလိပ်ကြီးအား ရဲကနဲ ရဲကနဲ ထသွားအောင် တစ်ချက်ချက်ရှိုက်ဖွာရင်း သူ ပြောသွားပုံမှာ အသက်ဝင်သရုပ်ပါလှသည်။

ယင်းကိုယ်တိုင်လည်း အတိတ်က ဖြစ်ရပ်များဆီ တကယ် ပြန်လည်ရောက်ရှိသွားသလို ခံစားနေရပုံပေါ်ပြီး မျက်လုံးများမှေးစင်းကာ စကားပြောနေရင်းမှ ပစ္စုပ္ပန်ကာလကို လုံးဝမေ့လျော့နေပုံရသည်။

ထိတ်လန့်စရာ နေရာများတွင်လည်းကောင်း၊ စိတ်လှုပ်ရှားစရာနေရာများတွင်လည်းကောင်း လေသံ အနိမ့်အမြင့် အတက်အကျများဖြင့် ပြောသွားသည်မှာ တကယ် စိတ်ဝင်စားစရာကောင်းလှပါသည်။

ယင်းပြောပြချက်များအနက် တစ်ချို့မှာ ဦးသာဝထံမှ ကြားဖူးပြီးသားဖြစ်သော်လည်း ဒေါ်ရွှေလေး ပြောပြသည်ကြောင့် ပိုအသက်ဝင် မြင်ယောင်ရလေသည်။



"တာဝန်ရှိတဲ့ လူကြီးတွေ ရောက်လာဖို့က အတော်ကြာသေးတယ်ကွဲ"

ဟု ဒေါ်ရွှေလေးက ပြောပြပါသည်။

ရောက်လာချင်းမှာပင် တာဝန်ရှိသူများတိုင်ပင်ပြီး ဆုံးဖြတ်ချက်တစ်ခုကို ချဖြစ်ခဲ့ကြ၏။

သင်္ချိုင်းအား အမိန့်ပြန်ဖို့ပင် ဖြစ်လေသည်။

ယုံသည် မယုံသည် အပထား။

သူတို့ ထိုသို့အမိန့်မပြန်ပါက အလုပ်သမား တစ်ယောက်မျှ ငှားရမ်းလို့ရမည် မဟုတ်ပါချေ။

✱

www.burmeseclassic.com

www.burmeseclassic.com



အမိန့်ပြန်သည့်နေ့တွင် တစ်ရွာလုံးနီးပါး လာရောက် ကြည့်ရှုကြလေ၏။

အင်ဂျင်နီယာကြီးက အမိန့်ပြန်စကားများကို စာရွက်ကြည့်ကာ အသံခပ်ကျယ်ကျယ် ရွတ်ဆိုသည်။

"ဒီသင်္ချိုင်းမှာရှိနေကြတဲ့ မြင်အပ် မမြင်အပ်
သတ္တဝါမှန်သမျှ ခုချက်ချင်းပြောင်းရွှေ့ကြရန်
အမိန့်ပြန်ကြားသည်၊ ပြောင်းကြစေ"

ထို့နောက် ကုန်တင်ကား အလွတ်ကြီးတစ်စီးကို သင်္ချိုင်းဝသို့ ဖင်ထိုးဆိုက်ကပ်လိုက်လေ၏။

ဒရိုင်ဘာက အော်လိုက်သည်။



"ကဲ ကဲ ကားနောက်ခန်းကို တက်ကြဟေ့၊
ဒီတစ်ခေါက်ပဲ ပို့မှာနော် မမီလိုက်ရင်မရဘူး"

ကြိုတင်စီစဉ်ထားကြသည်အရ ဒရိုင်ဘာမှာ သင်္ချိုင်းနေရာသစ်သို့ မောင်းနှင်သွားပြီး ကားပေါ်မှ ဆင်းရန်ပြောရဦးမည် ဖြစ်၏။

"တော်တော်တော့ ပြဇာတ်ဆန်တဲ့ကိစ္စပဲ"

အင်ဂျင်နီယာကြီးက နံဘေးမှ လူကြီး တစ်ဦးထံ ပြောဖြစ်ခဲ့သည်။ ထိုအဘိုးကြီးကတော့ အမြင်တစ်မျိုးရှိနေပုံရသည်။ ယခုလို လုပ်လိုက်တာကိုပင် ကျေနပ်နေသလိုလို ...

"ဒါကတော့ လူတွေရဲ့ ယုံကြည်စွဲလမ်းမှုတွေ
ပဲလေ"

ဟုသာ ပြန်ပြောလေ၏။

ခဏကြာတော့ အင်ဂျင်နီယာကြီးက

"ကားထွက်တော့ ဟေ့"

ဟု ဒရိုင်ဘာအား အော်ပြောလိုက်သည်။

ထိုစဉ်မှာပင် ထူးဆန်းသောကိစ္စများ ဖြစ်ပေါ်

www.burmeseclassic.com

www.burmeseclassic.com



လာခဲ့လေသည်။

ကားမောင်း၍ မရခြင်းပင်တည်း။

ကြီးမားလှသော ကုန်တင်ကား အလွတ်ကြီးမှာ အင်မတန်လေးလံသော ဝန်ကို ရုန်းရသလို ဖြစ်နေခဲ့သည်။ စက်လည်း နိုးသည်။ ကားဘီးများကလည်း တဝုန်းဝုန်း အတင်းလှည့်ပတ်သည်။ သို့သော် ရှေ့သို့ နည်းနည်းမှ မရွေ့။

အကြိမ်ကြိမ် ...

အစွမ်းကုန်ကြိုးစားပြီး မရသည့်အခါ ဒရိုင်ဘာမှာ ခေါင်းချွေးတွေ ပျံကုန်လေတော့သည်။

တာဝန်ရှိသူအားလုံးလည်း မျက်စိမျက်နှာတွေ ပျက်ကုန်ကြသည်။

"နွံနစ်နေလို့ များလား"

တစ်ချို့က ရှာရှာကြံကြံ တွေးကြသည်။

သို့သော် မြေပြင်က တင်းမာပြောင်ရှင်းကာ ရှိလျက်။ တစ်ချို့ကလည်း ...

"ဘီးတွေ ဘာတွေ ချိုင့်ထဲကျွံကျနေသလား"



တဲ့။ ကားကို လှည့်ပတ်ကြည့်ကြသော်လည်း ဘီးကျွံကျဖို့နေနေသာသာ နိမ့်ဝင်နေသော နေရာကလေး မျှပင် မရှိ။

သို့သော် လေအပြည့်ရှိသော ဘီးတွေကတော့ ဝန်ကြီးကြီးဖြင့် ဖိထားသလို ပြားကပ်လုနီးပါး ရှိနေလေပြီ။

ဒရိုင်ဘာက အင်ဂျင်နီယာကြီးဆီ အကူအညီတောင်းသလို တစ်ချက်လှမ်းကြည့်၏။

အင်ဂျင်နီယာကြီးမှာ ရုတ်တရက် ဘယ်လို အဆုံးအဖြတ်ပေးရမယ်မှန်းပင် မသိတော့။

ထိုစဉ် အင်ဂျင်နီယာကြီးနံဘေး ရပ်နေသော အဘိုးကြီးက ဝင်အော်လိုက်လေ၏။

"အကုန် မတက်ကြနဲ့ဦး ဟေ့၊ ကားမနိုင်ဘူး၊ နောက်တစ်ခေါက် ထပ်ဆွဲပေးမယ်၊ တစ်ဝက် လောက်ဆင်းကြ"

သူ့စကားကြားကြားချင်းပင် ဒရိုင်ဘာကလည်း အကြံရသွားသည့်ပမာ သံယောင်လိုက်ကာ အော်၏။

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်၊ ဟုတ်တယ်၊ နောက်တစ်ခါထပ် ဆွဲပေးမယ်၊ တစ်ဝက်ပြန်ဆင်း"

ထို့နောက်တွင်မှ ကားက ထွက်လို့ရလေတော့၏။ သို့သော် အိပ်ဲအိပ်ဲမျှသာ။

ဒရိုင်ဘာပြောသည်က သင်္ချိုင်းသစ်ဆီ သွားချအပြီး ပြန်အလာတွင် ကားမှာ မောင်းရအတော်ကိုပေါ့ပါးပါသည်တဲ့။

သို့သော် ထိုစဉ်က နှစ်ကြိမ်တိတိ သင်္ချိုင်းနှစ်ခုသို့ ခေါက်တုံ့ခေါက်ပြန် သွားလိုက်ရသည်ကတော့ လူတိုင်းမျက်မြင်ပင် ဖြစ်ပါချေသည်။



# ဝေယာဇဆရာ ဦးတင်ခိုင်း + ဒေါ်ငွေငွင် တို့ ဇနီးမောင်နှံထံမှ ကြားသိခဲ့ရသော အဖြစ်အပျက်များ

www.burmeseclassic.com

www.burmeseclassic.com



ပယောဂဆရာများဖြစ်သည့်မို့ ဦးတက်ခါးတို့မှာ အလွန်အစွဲအလန်းကြီးကြသူများ ဖြစ်ပါသည်။

အုပ်ဂူလေးနှစ်ဂူနှင့် ပတ်သက်သော အဖြစ်များအား ပြောသာပြောရသော်လည်း စိတ်မလုံသလိုပင် စကားကို မကြာခဏရပ်ကာ ဟိုကြည့်ဒီကြည့် ကြည့်ကြလေသည်။

တစ်ခါတစ်လေ စကားမှားသွားသော အခါမျိုး၌လည်း ...

လက်အုပ်ကလေးကိုယ်စီ ဖျတ်ကနဲချီကာ ...

"အ[illegible]ဂ် [illegible]မဲလေးတွေကို ဗွေမယူပါနဲ့"

ဟု ပြောရသည်က အကြိမ်ကြိမ်ပင်။

သို့သော် ထိုအချက်များကလွဲ၍ သူတို့ထံမှ အရေးပါသောအဖြစ်အပျက် တော်တော်များများ သိရှိခွင့်ရခဲ့ပါလေသည်။

နေရာတကာတွင် စပ်စပ်စုစုရှိလှသူများ ဖြစ်သည့်မို့လည်း တစ်ချိန်က အဖြစ်များအား လူတကာထက်ပို ထဲထဲဝင်ဝင် သိရှိခဲ့ကြလေ၏။

သူတို့ကြောင့်မို့လည်း တစ်ချို့သော အတွင်းကျကျဖြစ်ရပ်များအား ပြန်လည်သိရှိခဲ့ရခြင်း ဖြစ်ပါသည်။



သင်္ချိုင်းနေရာဟောင်းအပါအဝင် မြေလွတ်မြေရိုင်းများအား စိုက်ခင်းအဖြစ် အသွင်ပြောင်းရန်အတွက် အဓိက တာဝန်ယူထားရသော ပုဂ္ဂိုလ်မှာ ဦးမြင့်လွင် ဖြစ်ပါသည်။

သူတို့မှာ တစ်ခွေလုံးတစ်မျိုးလုံးနီးပါ အင်ဂျင်နီယာများဖြစ်ပြီး ယခု သူတို့လက်ထက်မှာလည်း ညီအစ်ကို နှစ်ယောက်ရှိကာ နှစ်ယောက်လုံး အင်ဂျင်နီယာများ ဖြစ်ကြကြောင်း သိရှိရလေသည်။

ဦးမြင့်လွင်က သူတာဝန်ယူထားရသော စီမံကိန်းအား အပြည့်အဝလုပ်ကိုင်နိုင်ရန်အတွက် ဘုရား

www.burmeseclassic.com

www.burmeseclassic.com



ကုန်းရွာ မိုလ်တဲသို့ပြောင်းရွှေ့လာခဲ့သည်။

သူနှင့်အတူ မိသားစုကိုလည်း တစ်ပါတည်း ခေါ်ဆောင်လာခဲ့ရာ လေးနှစ်အရွယ်ခန့် သားကလေး တစ်ယောက်နှင့် ရှစ်နှစ်အရွယ် သမီးလေးတစ်ယောက်လည်း တစ်ပါတည်း ပါဝင်လာခဲ့လေသည်။

ထိုကလေးများကြောင့်ပင် အဖြစ်အပျက်မှာ ပို စိတ်ဝင်စားစရာ ကောင်းသွားခဲ့ရခြင်း ဖြစ်လေသည်။

✸



ဦးမြင့်လွင်က သံချိုင်းဟောင်းအား ရုတ်တရက် မဖြိုဖျက်သေးပဲ တခြားမြေရိုင်းများသာ ရှင်းလင်းကာ လုပ်စရာရှိသည်များ လုပ်ဆောင်နေခဲ့သည်။

စိုက်ပျိုးခင်းအတွက် လုပ်စရာတွေကလည်း အများသားမဟုတ်လား။ သံချိုင်းအတွက်တော့ သူက မြို့မှ မြေညှိ၊ မြေတူးစက်များ သူမှာ ယူထားခဲ့သည်။

ထိုစက်တွေအလာကို သူစောင့်ဆိုင်းနေ၏။

သို့သော် လူတွေကိုတော့ ဘာမှ အသိမပေးသေး။

ထိုသို့ဖြင့် များပြားလှသော အလုပ်တာဝန်များ

www.burmeseclassic.com

www.burmeseclassic.com



ကို အေးအေးလူလူ ထမ်းဆောင်နေခဲ့သည်။

မနက်မိုးလင်း အလုပ်သွား။ အလုပ်မှ ပြန်လာသည်နှင့် အပြေးလာကြိုသော သားနှင့် သမီး၊ ပြီးတော့ အိမ်ဝမှ အပြုံးနှင့် ဆီးကြိုသော ဇနီးသည်တို့ဖြင့် သူ့တို့ဘဝလေး ငြိမ်းချမ်းနေခဲ့သည်။

တစ်ရက်မှာတော့ သူ့ဆီမြို့က အကြောင်းကြားလာ၏။

"နောက်ထပ် နှစ်ရက်လောက်အတွင်းမှာပင် မြေတူး၊ မြေညှိစက်များရောက်လာတော့မည်"

တဲ့။ ထိုနေ့ သူအလုပ်က အပြန်တွင် သူ့သားနှင့် သမီးက ထူးဆန်းသော စကားကို ဆိုလေသည်။

"ဒီနေ့ သားတို့ သူငယ်ချင်း အသစ်တွေ ရတယ် သိလား"

"ဟုတ်လား၊ ကောင်းတာပေါ့ကွ"

ဇနီးဖြစ်သူကလည်း ဝင်ပြောလေသည်။

"အဲဒါ တစ်ချိန်လုံးကို ပြောနေကြတော့တာ ရှင်၊ ကျွန်မတော့ တစ်နေကုန် သူတို့ချည်းအိမ်



ပြင်ခြံဝင်းထဲမှာ ဆော့နေတာတွေ့တာပဲ၊ သူ...
နဲ့လာကစားတာ တစ်ယောက်မှမမြင်မိပေါင်"

"ရှိပါတယ် မေမေရဲ့၊ သမီးတို့နဲ့ တစ်နေ့လုံးကို အတူလာကစားနေကြတာပါ"

ဦးမြင့်လွင်ပင် အနည်းငယ် စိတ်ဝင်စားမိသလို ရှိသွားခဲ့၏။

"သားတို့နဲ့ လာကစားတာ သူငယ်ချင်း ဘယ်နှစ်ယောက် မို့လို့လဲ"

"နှစ်ယောက်"

သားက ဖြေ၏။ သမီးက ပိုပြည့်စုံစေရန် ပြောပြ၏။

"သူတို့က သမီးတို့လိုပဲ မောင်နှမနှစ်ယောက် ဖေဖေရဲ့၊ ကောင်မလေးက အကြီး၊ ကောင်လေးက အငယ်"

"သူတို့ ဘယ်တုန်းက ပြန်သွားကြသလဲ"

"ခုန ဖေဖေ မလာခင်လေးတင်ကပဲ"

"ဟယ် မဟုတ်ပါဘူး၊ ခုနက ငါ့တို့ကို

www.burmeseclassic.com

www.burmeseclassic.com



ထွက်ကြည့်တော့ နင်တို့နှစ်ယောက်တည်းပါ''

''မဟုတ်ပါဘူး မေမေရဲ့ သူတို့ရှိပါတယ်၊ ခုနမှကို သေသေချာချာပြန်သွားတာပါ၊ သမီးတို့ကိုတောင် နှုတ်ဆက်သွားသေးတယ်''

ဦးမြင့်လွင်မှာ ဇနီးနှင့် သမီး အချင်းချင်း ငြင်းခုန်နေကြသည်ကို အတန်ကြာစောင့်ကြည့်နေမိပြီးမှ ဝင်မေးဖြစ်၏။

''သူတို့ ဒီလာကစားကြတာကို သူတို့မိဘတွေက လွှတ်သလား''

''လွှတ်လို့လာတာနေမှာပေါ့၊ သမီးတို့လည်း မေးမကြည့်မိဘူး၊ ဘာဖြစ်လို့လည်းဟင် … ဖေဖေ''

''ဩော် ဘာမှ မဟုတ်ပါဘူး၊ ဒီလိုပဲ သိချင်လို့ပါကွယ်''

ထုတ်မပြောသော်လည်း သူ့ရင်ထဲတွင် တစ်မျိုးဖြစ်သွားမိ၏။ သူတို့နေသော မိုလ်တဲက ရွာနှင့် အတန်ငယ်လှမ်းသဖြင့် အနီးဆုံးလူနေအိမ်သည်ပင် မိုင်ဝက်မျှ



ကွာလှမ်းပေသည်။

ဒီလောက်အဝေးကြီးကို ဘယ်ကကလေးတွေများ တကူးတကန့်လာဆော့ပါလိမ့်။

တကယ်ကို တကူးတကန့်လာမှသာ ဖြစ်ပေမည်။

ဘာကြောင့်များ သူ့သားသမီးတွေနဲ့မှ တကူးတကန့် လာဆော့ရတာပါလဲ။

သူသိရသလောက် ရွာထဲရှိကလေးတွေမှာ သူတို့လို အဆင့်အတန်းမျိုးနှင့် အလွယ်တကူ အကျွမ်းတဝင် မနေဝံ့ကြပေ။

ထို့ထက်ပို၍ သူမတွေးတတ်တော့။

ကလေးတွေကိစ္စမို့လည်း သူသိပ်အရေးတယူ မတွေးမိခဲ့ခြင်း ဖြစ်ပါသည်။

✸

www.burmeseclassic.com

www.burmeseclassic.com



မြေတူးစက်များ ရောက်လာလာချင်းပင် ဦးမြင့်လွင်က သံချိုင်းကို စက်တို့ဖြင့် ထိုးညှိနိုင်းလေတော့သည်။

အလုပ်သမားများမှာ ပထမတော့ ရှုံ့တွန့်တွန့်။

သူ့အတင်းခိုင်းလို့သာ လုပ်ကြခြင်းဖြစ်သည်။

သို့သော် ...

တစ်ဂူနှစ်ဂူကို ဖြိုဖျက်အပြီး ဘာမှ မဖြစ်သည်ကို မြင်တော့ အနည်းငယ် ရဲတင်းလာကြလေသည်။

သို့သော် အသေးဆုံးအုတ်ဂူတွဲလေး နှစ်ခုဘက်တော့ ဦးလေးမျှမလှည့်။



ဦးမြင့်လွင်မေးတော့ ...

"အဲဒါတွေကို နောက်မှ ဖျက်တာပေါ့"

ဟုသာ ပြောကြလေသည်။

အကြောင်းရင်းကို စုံစမ်းကြည့်တော့ ယခင်က ထိုအုတ်ဂူနှစ်ဂူအား စဖြိုဖျက်ဖူးသည့်အကြောင်းနှင့် အလုပ်သမားတစ်ယောက် ထူးဆန်းစွာပိုးထိသည့် အကြောင်းများကို ကြားရသည်။

သို့သော် တခြားဖြိုဖျက်စရာတွေကလည်း အများကြီး ရှိနေသဖြင့် အလုပ်သမားတွေကို ထိုနှစ်ဂူဖြိုဖို့ အတင်းခိုင်းဖို့က မသင့်ပဲ ဖြစ်နေရ၏။

သူ့ရင်ထဲတွင်တော့ တေးထားလိုက်မိသည်။

"အရင်ဖြိုဖြို နောက်ဖြိုဖြို၊ အဲဒီနှစ်ဂူကိုတော့ ဖြိုဖြစ်အောင်ဖြိုပြီး လူတွေရဲ့ အစွဲကို ချွတ်ပြမယ်"

✱

www.burmeseclassic.com

www.burmeseclassic.com



နောက်တစ်နေ့မှာပင် သူမိန်းမက ထူးထူးဆန်းဆန်း စကားတစ်ခွန်းကို ပြောလေ၏။

"ရှင် ဒီနေ့ အလုပ်မသွားပါနဲ့လား ရှင်"

"ဘာလို့လဲကွ"

ဟု မေးလိုက်ရင်း ဇနီးဖြစ်သူဆီ လှည့်ကြည့်မိတော့ မျက်နှာကလေးက သိသိသာသာ နွမ်းဖျော့နေခြင်းကို တွေ့ရသည်။

အသံကလေးတိုးတိုးဖြင့် …

"ကျွန်မစိတ်တွေ ဘယ်လိုကြီးမှန်း မသိဘူး ဖြစ်နေလို့"



ဟု ပြော၏။ ဇနီးသည်၏ နဖူးကို စမ်းသပ်ကြည့်လိုက်သည်။

"ဖျားတော့လည်း မဖျားပါဘူး၊ နေမကောင်းချင်သလိုလို ဖြစ်နေလို့လား"

"လူကနေကောင်းပါတယ်၊ စိတ်တွေကသာ‥"

တစ်ပိုင်းတစ်စနှင့် ရပ်ထားသဖြင့် သူဆက်မေးရသည်။

"စိတ်တွေက ဘာဖြစ်လို့လည်း"

"မသိဘူး၊ အရမ်းကြီးလေးလံနေတယ်၊ တစ်ခုခု ဆိုးဆိုးရွားရွား ဖြစ်တော့မှာလိုပဲ"

"အားနည်းနေလို့ ဖြစ်မှာပါကွာ၊ အားဆေးသောက်ပြီး အနားယူလိုက်၊ ဒါမှမဟုတ် နောက်ထပ် ကိုယ်ဝန်ရှိချင်လို့များလား"

"မဟုတ်ပါဘူးရှင်၊ ကျွန်မစိတ်တွေကိုက ထူးထူးခြားခြားဖြစ်နေတာ၊ တစ်ခါမှ ဒီလို မဖြစ်ဖူးဘူး၊ အရမ်းလည်း ကြောက်မိနေတယ်၊ ရှင် ဒီနေ့ အလုပ်မသွားပါနဲ့နော်"

www.burmeseclassic.com

www.burmeseclassic.com



"အလုပ်က မသွားလို့တော့ မဖြစ်ဘူးကွ၊ ငါ မရှိရင် အကုန်ကသီလင်တတွေ ဖြစ်ကုန်မှာ၊ ဒါပေမယ့် တတ်နိုင်သမျှ အမြန်ဆုံးပြန်ခဲ့ပါ့ မယ်"

ဇနီးသည်က ထိုအတိုင်း ဖြစ်နေတော့ သူ လည်း သွားရတာ သိပ်စိတ်မဖြောင့်။ နောက်ဆံတငင်ငင် ဖြင့် အလုပ်သွားရလေ၏။

သို့သော် ...

ထိုနေ့အတွက် ...

ဘာမျှ ထူးထူးခြားခြား ဖြစ်မလာခဲ့ပါ။

အချိန်အခါမဟုတ် မိုးသည်းကြီးမည်းကြီး ရွာ သဖြင့်ပင် ဘာမှ သေချာမလုပ်ဖြစ်လိုက်ပဲ လုပ်ငန်းခွင် သိမ်းကာ သုအစောကြီး ပြန်လာခဲ့ဖြစ်လေသည်။

✸



တကယ်တမ်းတွင် ...

သူ့ဇနီးသည် သူ့အလုပ်အကြောင်း သိပ် ဝင် စွက်ဖက်လေ့ မရှိလှပါ။

ထိုကဲ့သို့သောလူမျိုးက ရုတ်တရက် ပြောလာ သည့် စကားကြောင့် ဦးမြင့်လွင်ပင် အံ့အားသင့်သွားခဲ့ရ လေ၏။

"မင်း ဒါတွေ ဘယ်လိုသိလဲ"

ဟု သူမေးသောအခါ

"ကျွန်မ အိပ်မက်မက်လို့"

တဲ့။ ပြောလာသည်က အတော့်ကို သူ့းဆန်းပါ သည်။

www.burmeseclassic.com

www.burmeseclassic.com



"ယောက်ျားရယ် ရှင့် အခု သင်္ချိုင်းတစ်ခုဖျက်နေတာမဟုတ်လား၊ မလိုအပ်တဲ့နေရာတွေကို မဖျက်ပါနဲ့ရှင်၊ သိပ် မထိခိုက်ရင်လည်း ဒီအတိုင်း ထားလိုက်ပါ"

ဟု ရုတ်တရက် ပြောသည့်အခါ ဦးမြင့်လွင်မှာ ဘာပြန်ပြောရမှန်းမသိ ဖြစ်သွားရ၏။

"မင်းက ဘယ်လို အိပ်မက်လို့လည်း ပြောပါဦး"

ဆိုသော်လည်း မဖြေ။

သူ့မိန်းမသည် တစ်ခါတစ်လေ ထိုကဲ့သို့ပင် မြုံစိစိလုပ်တတ်၏။

ဦးမြင့်လွင်ကတော့ တစ်ယောက်ယောက်ပြောတာ ဒီမိန်းမကြားထားပါလိမ့်မယ်ဟုသာ တွေးလိုက်မိသည်။

ဒါပေမယ့် သူ့အလုပ်ထဲမှာ ဘာကြောင့်နှလိုဝင်စွက်ချင်ရသလဲတော့ သူမသိ။ မိန်းမပီပီ ထူးထူးခြားခြားကိစ္စဆို ကြောက်လို့နေမှာပေါ့ ဟုသာ ကိုယ့်



ကိုယ်ကို ပြန်အဖြေပေးနေမိ၏။

သူမကတော့ အကြောက်အကန်ပြောနေခြင်း ဖြစ်သည်။

"နော် ယောက်ျား၊ သင်္ချိုင်းဖျက်တဲ့ ကိစ္စကို သတိထားပြီး လုပ်ပါနော်"

ဦးမြင့်လွင် ဇနီးသည်၏ မျက်နှာကို ဖျပ်ကနဲ တစ်ချက်ကြည့်လိုက်မိသည်။ သူ့အား တလေးတနက် မော့ငေးနေသော မျက်ဝန်းများနှင့် ဆုံရ၏။

ဦးမြင့်လွင် သက်ပြင်းချမိသည်။

"အေးပါကွာ၊ ငါ သတိထားပါ့မယ်"

"တစ်ချို့ သိပ်ခက်ခဲနေတာတွေလည်း မဖျက်ပဲ ထားပါရှင်"

"အေးပါကွာ၊ အေးပါ"

တကယ်တော့

ပြီးစလွယ် သူ ကတိပေးလိုက်ခြင်းသာ ဖြစ်ပါသည်။ ပြောပြီးတော့လည်း ပြီးပြီးပျောက်ပျောက်ပင် သဘောထားမိ၏။

www.burmeseclassic.com

www.burmeseclassic.com



သူမိန်းမ၏ ကယောင်ကတမ်း ပြောစကားမှ အလေးထားလောက်စရာလို့ မထင်မိခဲ့။

သို့သော် ...

သူ့အတွက် တစ်သက်တာ မမေ့နိုင်စရာ ကိစ္စတို့မှာ မကြာခင်ပင် ဖြစ်ပေါ်၍လာခဲ့လေတော့သည်။

✸



အရင်ဆုံး

ဦးမြင့်လွင်၏ သမီးကလေး စတင်၍ ဖျားသည်။

အံ့သြစရာပင် ...

အဖျားက ချက်ချင်းကြီးလာလေ၏။

ကယောင်ကတမ်းဖြင့် ကလေးက တောင်ရောက် မြောက်ရောက်တွေ လျှောက်ပြောသည်ကို ကြားသည့်အခါ သူ့ဇနီးမှာ အစိုးရိမ်တွေ ပိုမိလေတော့၏။

"တတ်ကျွမ်းနားလည်တဲ့သူတွေဆီ ပြကြည့်ရင် ကောင်းမယ်ရှင်"

www.burmeseclassic.com

www.burmeseclassic.com



“အေးလေ၊ အခုလည်း ဆရာဝန်ဆီ ပြထား ပြီးပြီပဲ”

“အဲဒါ မဟုတ်ပါဘူး၊ ပယောဂဆရာတို့ ဘာ တို့ကို ပြကြည့်ဖို့ ပြောတာ”

ဦးမြင့်လွင်မှာ မျက်ခုံးများပင် ပင့်သွားမိလေ သည်။

“ပယောဂဆရာ၊ ဟုတ်လား၊ ဘာဆိုင်လို့လဲ ကွာ၊ သမီးဖျားတာနဲ့”

“မ[illegible]ဘ်ဘူးလေ၊ အပမှီတာတွေဘာတွေ များ ဖြစ်နေမလားလို့ပါ၊ ရှင်ကအခု သင်္ချိုင်း ဖျက်တဲ့ကိစ္စတွေ လုပ်နေတာဆိုတော့”

“မဆိုင်တာတွေ အယူသီးမနေစမ်းနဲ့ကွာ၊ ဒီမှာ စိတ်ညစ်နေရတဲ့ကြားထဲ”

ဦးမြင့်လွင်က စကားသံ ခပ်ဆတ်ဆတ်ဖြင့် ပြောလိုက်သည့်အတွက် သူ့ဇနီးမှာ ဘာမှထပ်မပြော တော့။ သို့သော် ကျေနပ်ပုံတော့ သိပ်မရပါချေ။

✸



သို့သော် ...

နောက်တစ်နေ့တွင် သမီးတင်မက သားလေး ပါ လိုက်ဖျားသည့်အခါမှာတော့ သူ့မိန်းမအား ဦးမြင့် လွင် တားမြစ်ရန် မစွမ်းနိုင်တော့ပါချေ။

အဖျားတက်နေသော သားကို သူ့ဇနီးကိုယ်တိုင် ချီ၊ သမီးကိုတော့ ဦးမြင့်လွင်က ချီပွေ့ကာ ကျောက်တိုင် ရွာစွန်ရှိ ပယောဂဆရာ လင်မယားထံ သွားဖြစ်ခဲ့ကြလေ တော့၏။

ဦးတက်ခါးနှင့် ဒေါ်ငွေပွင့်ဟု အမည်တွင်သော ထိုပယောဂဆရာလင်မယားမှာ အတော်စကားများသူ

www.burmeseclassic.com

www.burmeseclassic.com



များ ဖြစ်သလို အတော်လည်း စပ်စပ်စုစုနိုင်လှပါသည်။

ဆိုင်သည် မဆိုင်သည် အပထား။ အားလုံးကို လျှောက်မေးသလို သူ့ဖနီးကလည်း ခရားရေလွှတ် ဆက်တိုက်ပြောပြလေတော့၏။

အဓိကကတော့ သချိုင်းကုန်း ဖြိုသည့် အကြောင်းများပင် ဖြစ်လေသည်။ ပြောရင်းကလည်း သူ့ဆီ မကြာမကြာ ဝိုင်းကြည့်ကြတော့ သူပင် မဟုတ်တာ လုပ်ထားသလိုလို ခံစားမိရလေသည်။

ကလေးတွေ နေမကောင်းခြင်းအတွက် အဓိက လက်သည်မှာ သူပဲဖြစ်နေသလိုလို။

ပယောဂဆရာလင်မယားက ကလေးတွေကို ရေမန်းကလေး ဘာလေးတိုက်၊ ယတြာချေတာလေး ဘာလေးလောက်သာ လုပ်ပေးပါသည်။

အဓိကအားဖြင့်တော့ သူ့ကိုပင် ပြောဆိုသည် က များ၏။

သချိုင်းကုန်းဖြိုသည့်ကိစ္စအား တားမြစ်နေခြင်း ပင်။ အထူးသဖြင့်တော့ ပြဿနာပေါ်ခဲ့ဖူးသည့် အုတ်



ဂူနှစ်လုံးအား မဖျက်ရန် ပြောကြလေ၏။

သူ့အလုပ်တာဝန်ကို ဘယ်သူစွက်ဖက်သည်မှ မကြိုက်သော ဦးမြင့်လွင်အဖို့တော့ ပြန်မပြော နား မထောင် လုပ်နေရုံမျှသာ။

သို့သော် အဖျားအရှိန်ဖြင့် နွမ်းဖျော့နေသော သမီးထံမှ ညည်းညူသလို စကားတစ်ခွန်းကို ကြား လိုက်ရသည့်အတွက် သူ့ရင်ထဲ တွေတွေဝေဝေတော့ တစ်ချက်ဖြစ်သွားခဲ့ရလေသည်။

“ဟုတ်ပါတယ် အဖေရယ်၊ ဟိုနှစ်ဂူကို မဖြို ပါနဲ့၊ သမီးတို့နဲ့ လာလာဆော့နေတဲ့ သူငယ် ချင်းလေးတွေကလည်း ပြောတယ်၊ အဲဒီနှစ်ဂူ ကို ဖြိုမိရင် နောင်တရလိမ့်မယ်တဲ့”

ကလေးပါးစပ်က ထွက်သောစကားက လေး နက်လွန်းနေ၏။

ကယောင်ကတမ်းနှင့်ပင် လျှောက်ပြောလေ သလား။ ဒါမှမဟုတ် သမီးကရော ဘာတွေသိထားတာ ရှိသလဲ။

www.burmeseclassic.com

www.burmeseclassic.com



သူတို့နှင့် လာဆော့နေသော သူငယ်ချင်းတွေ ကရော ကလေးတွေ ဖြစ်ရက်နဲ့ ဘာလို့ဒီလိုစကားမျိုး ပြောရတာတဲ့လဲ။

✸



ဦးမြင့်လွင်အတွက် ကြုံရသည့်ဖိအားတွေက ဆက်တိုက်ပင်ဖြစ်သည်။

သံချိုင်းဖြိုသည့် လုပ်ငန်းခွင်မှာလည်း အနှောင့်အယှက်တွေ တစ်မျိုးပြီးတစ်မျိုး ကြုံရ၏။

စက်တွေက ပျက်သွားတာမျိုး။

လူတွေအချင်းချင်း နေရင်းထိုင်ရင်းက ထရန်ဖြစ်ကြတာမျိုး ... စသဖြင့် စိတ်ညစ်စရာတွေက တစ်ခုပြီးတစ်ခု တန်းစီနေသည်။

ဒီကြားထဲ ရာသီဥတုကလည်း အချိန်အခါမဟုတ် ဖောက်ပြန်တတ်သေး၏။

www.burmeseclassic.com

www.burmeseclassic.com



ရုတ်တရက် မိုးသည်းထန်စွာ ရွာလာတာမျိုး၊ လေပြင်းကြီး တိုက်လာတာမျိုးဖြင့် နှစ်ကြိမ်လောက် ကြုံတွေ့ရသေးသည်။

သို့သော် ...

ဦးမြင့်လွင်ကတော့ လုပ်စရာရှိသည်ကို မဖြစ်ဖြစ်အောင် ဆက်လုပ်၏။ သံချိုင်းတစ်ခုလုံးနီးပါး ရှင်း၍ ပြီးသွားခဲ့သည်။

နောက်ဆုံး

ပြဿနာအပေးဆုံး အုတ်ပုလေးနှစ်ခုသာ

ကျန်လေတော့၏။

ထိုစဉ်မှာပင် သူ့လုပ်ငန်းစဉ်အား လုံး၀ ရပ်တန့်သွားမည့် ကိစ္စတစ်ခုမှာ ပေါ်ပေါက်လာခဲ့လေတော့သည်။

✸



နောက်ပိုင်းများ၌ ပြန်တွေးမိသည့်အခါ သူနှင့်သူ့မိန်းတို့ ရန်ဖြစ်ခဲ့ရခြင်းမှာ ဘာမှအကြောင်းမယ်မယ်ရရ မရှိဘူးဟု ဦးမြင့်လွင် သတိထားမိလေသည်။

ထိုစဉ်ကတော့ တကယ်အကြီးအကျယ်ပင် ပြဿနာကြီး တက်ခဲ့ကြခြင်းဖြစ်၏။

ကလေးတွေ နေမကောင်းသည့်ကိစ္စကို ဦးမြင့်လွင်အား ယိုးစွပ်ရာမှ အစပြုသည်။

ပြီးတော့ သံချိုင်းဖျက်သည့်ကိစ္စကို ဆက်မလုပ်တော့ရန် တားမြစ်၏။

“မင်းနဲ့ မဆိုင်တာ ဝင်မရှုပ်စမ်းနဲ့”

www.burmeseclassic.com

www.burmeseclassic.com



ဟု ဦးမြင့်လွင် ပြောမိသောအခါ ဇနီးသည်မှာ ပေါက်ကွဲလေတော့သည်။

"ရှင် အဲဒီလို တယူသန် တဓောက်ကန်း ဖြစ်နေလို့ ကျွန်မတို့ ဒုက္ခရောက်တာ"

ဟု ဆိုလာသောအခါ ဦးမြင့်လွင်မှာ ဆတ်ခနဲ ဖြစ်သွားသည်။

"ငါ့ကြောင့် မင်းတို့ ဒုက္ခရောက်တယ်၊ ဟုတ်လား၊ ငါ မင်းတို့ကို တစ်သက်လုံး ရှာကျွေးခဲ့တာကိုရော ထည့်မပြောတော့ဘူးလား"

"ဒါပေမဲ့ အခုတော့ ရှင့်ကြောင့် ကလေးတွေ အသက်ဆုံးရတော့မယ်လေ"

"ဘယ်မှာဆုံးလို့လဲ၊ နိမိတ်မရှိ နမာမရှိ မင်း ဘာတွေ လျှောက်ပြောနေတာလဲ"

"ဖျားနေတာက ခုထိ မကျသေးဘူးလေ၊ ပြီးတော့ တစ်ယောက်တည်း မဟုတ်ဘူး၊ နှစ်ယောက်လုံးပဲ ဖျားနေတာ၊ အဲဒါ သွေးရိုးသားရိုး မဟုတ်ဘူး၊ ရှင်သိရဲ့လား"



"မင်းကို ဒီလောက်အယူသည်းလိမ့်မယ်လို့ ငါ ထင်မထားမိဘူး၊ ပညာတတ်ဖြစ်ရက်နဲ့ အသိဉာဏ် နည်းလိုက်တာကွာ"

တဖြည်းဖြည်း အသံတွေက ပို၍ပို၍ ကျယ်လာကြသည်။ တစ်ယောက်မှ အလျှော့မပေး။ အပြန်အလှန် အော်ကြ၏။ သူတစ်ခွန်း ကိုယ်တစ်ခွန်း။

နောက်ဆုံးတော့ ဇနီးသည်က သူ့ကို လက်ညှိုးငေါက်ငေါက်ထိုးကာ ပြောလေသည်။

"ရှင် သင်္ချိုင်းဖျက်တာကို ရပ်မလား၊ ကျွန်မတို့နဲ့ ပြတ်မလား၊ ဒါပဲ ပြော"

"မင်း ဘာစကားပြောတာလဲ၊ ရူးများ နေသလား၊ ငါ့အလုပ်ကိုတော့ ဘာကြောင့်မှ အနှောင့်အယှက်မခံနိုင်ဘူးကွ"

သူ့မိန်းမသည် တစ်ခါမှ မမြင်ဖူးသော အသွင်သဏ္ဌာန်မျိုး ဖြစ်နေ၏။ မာကြောလွန်းလှချေသည်။

မျက်နှာကို ဆတ်ခနဲခါကာ တင်းတင်းပြတ်ပြတ် ပြောလေသည်။

www.burmeseclassic.com

www.burmeseclassic.com



"ကောင်းပြီလေ၊ ရှင်က ကျွန်မတို့ကို မချေး ချယ်ဘူး ဆိုတော့လည်း ကျွန်မတို့ ဒီအိမ်ပေါ် က ဆင်းသွားရုံပေါ့"

ထိုညနေမှာပင် ဖနီးသည်မှာ ကလေးနှစ် ယောက်ကို အပါခေါ်ကာ အိမ်ပေါ်မှ ဆင်းသွားလေ တော့၏။

✸

BURMESE CLASSIC .com



ထိုညမှာ

ဦးမြင့်လွင်တစ်ယောက် စိတ်ညစ်ညစ်ဖြင့် တစ်ယောက်တည်း အရက်တွေ မူးအောင်သောက်ခဲ့ သည်။

အရက်မူးလာတော့ ဆင်ခြင်တုံတရားတွေ သိပ်မရှိချင်တော့။

ပါးစပ်က တွေ့ရာတွေ ပြောဆိုရေရွတ်စ ပြုလာ ၏။ မူးမူးရူးရူးဖြင့် အိမ်ပေါ်မှ ထွက်ကာ အရက်ပုလင်း ကြီး လက်ဆွဲလျက် ရှူးရှူးဒိုင်းဒိုင်း ဆင်းသွားလေတော့ သည်။

www.burmeseclassic.com

www.burmeseclassic.com



သူ ဦးတည်ရာက သင်္ချိုင်းကုန်းဆီသို့။

တွေ့လိုက်သူများ ပြန်ပြောကြသည်ကတော့ သင်္ချိုင်းဟောင်းအဝတွင် ရပ်ထားသည့် မြေညိုစက်ပေါ်သို့ ဦးမြင့်လွင် တက်သွားခဲ့သည် ဆို၏။

တချို့ကျတော့လည်း သင်္ချိုင်းအား မီးတင်ရှို့ရန်ပင် ဦးမြင့်လွင် ကြံစည်သေးသည်ဟု ဆိုကြသည်။

မည်သို့ဆိုစေ

သူ့ဦးတည်ချက်မှာတော့ အုတ်ဂူလေးနှစ်ခုကို ဖြိုဖျက်ရန်ပင်ဖြစ်ကြောင်း ထင်ရှားပါသည်။

သို့သော် သူ့အကြံအစည် အထမမြောက်လိုက်ပါ။

ထိုညက ဘာတွေဖြစ်ပျက်ခဲ့သည်ကို ဘယ်သူမှ အတိအကျ မသိလိုက်ကြ။

ရုတ်တရက် မိုးကြီး သည်းထန်စွာ ရွာသောကြောင့် လူတွေ အိမ်ပြင်သို့ပင် မထွက်နိုင် ဖြစ်ခဲ့ကြသည်။ မိုးသံ လေသံ တဝုန်းဝုန်း တဒိုင်းဒိုင်းကြားတွင် လူတွေမှာ တခြားဘာသံကိုမှ မကြားမိတော့။



ဒီကြားထဲ လျှပ်စီးတွေကလည်း လက်လိုက်တာမှ အရမ်း။ မိုးကြိုးတွေကလည်း တစ်ချက် တစ်ချက် ပစ်ချသေး၏။

နောက်တစ်နေ့

နံနက်လင်းသည့်အခါမှာတော့

ဦးမြင့်လွင်ကို သူ့အိမ်ရှေ့တွင် သတိလစ်လဲကျနေသည်ကို တွေ့ခဲ့ကြရလေ၏။

ညက

သင်္ချိုင်းကုန်းမှာ သူ ဘာတွေဖြစ်ခဲ့တာလဲ?

ဘယ်လိုလုပ်ပြီး အိမ်ပြန်ရောက်ခဲ့သလဲ?

ဘာမှ ပြန်မသိရတော့။

သေလုမျောပါး ဖြစ်နေသဖြင့် ဆေးရုံသို့ အမြန်ပို့ကြရလေ၏။

ဆေးရုံက ဆင်းသည့်အခါမှာလည်း ထိုညက အဖြစ်အပျက်များအား သူ လုံးဝ သတိမရဘဲ ရှိသည်။

တစ်ခုတော့ ထူးခြားသည်။

ကျောက်တိုင်ရွာသို့ ဦးမြင့်လွင်ထံယောက်

BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



ခြဦးမှုပင် မလှည့်ရဲတော့ခြင်း ဖြစ်သည်။

သူ့အခြေအနေကို သနားသဖြင့် အထ

လူကြီးတွေကလည်း နေရာပြောင်းပေးကြပါသည်။

သူ့နေရာကို အစားရောက်လာသည့် အင်ဂျင်နီယာကတော့ ကြောက်တတ်ရင့် ရန်ကင်းဆိုသော လူစားမျိုးပင်။

အုတ်ဂူလေးနှစ်ခုအား ကွင်းချန်ကာ လုပ်စရာရှိသည့် စိုက်ခင်းဖီမံကိန်းအား ဆက်လုပ်သွားလေ၏။

ရာကလေးမျှ ဖဲ့ချန်ထားရရုံနှင့်တော့ အထက်လူကြီးတွေကလည်း ဘာမှသိပ်မပြောတော့။



ထိုသို့ဖြင့်ပင် ...

ရှာပြင် မြေကွက်လပ်၌ အုတ်ဂူလေးနှစ်ခုမှာ ထူးခြားစွာ အထီးတည်း ကျန်ရစ်ခဲ့လေတော့သည်။

ဘယ်သူကမှ မထိတို့ရဲကြတော့။

အကောင်းပကတိ ကျန်နေသော အုတ်ဂူလေးနှစ်ခုမှာ နောက်ထပ် အချိန်ကာလများစွာတိုင် ဒဏ္ဍာရီများစွာကို ဆက်လက်မွေးဖွားနေခဲ့ပါလေတော့သည်။

✸

www.burmeseclassic.com

www.burmeseclassic.com



# တစ်ရွာလုံးပြောပြသည်များအား
# စုပေါင်းဆက်စပ်ကြည့်ခြင်း

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



ယခုအဖြစ်အပျက်တို့ အားလုံးထဲတွင် အရေးပါဆုံးမှာ အုတ်ဂူနှစ်ဂူနှင့်ပတ်သက်သော အကြောင်းများပင် ဖြစ်ပါချေသည်။

ဒီအဖြစ်အပျက်တို့ စတင်လာသည်မှာ အုတ်ဂူလေးနှစ်ဂူကြောင့်ပင် မဟုတ်လား။

ထိုအုတ်ဂူလေးနှစ်ဂူ ဘယ်လို စဖြစ်လာခဲ့ပါသနည်း။

ထိုအုတ်ဂူတို့ထဲတွင် ဘယ်သူတွေအား ထည့်သွင်းမြှုပ်နှံထားခဲ့ပါသနည်း ... ဆိုသော ကိစ္စတို့သည် အလွန်စိတ်ဝင်စားစရာကောင်းလာခဲ့လေ၏။

တစ်ရွာလုံးပြောပြသည်များ၌လည်း ဒီအုတ်ဂူလေးနှစ်ဂူအကြောင်းက အဓိကပါဝင်ခဲ့သည်။

ထို့ကြောင့် အရေးပါဆုံးဖြစ်သည့်အတွက် တစ်ရွာလုံး ပြောပြသည်များကို ဆက်စပ်ပုံဖော်ယူသောအခါ သွေးပျက်တုန်လှုပ်ဖွယ် အဖြစ်တို့သည် တစ်စစပုံပေါ်လာခဲ့လေ၏။

အသေအချာ အရင်းအမြစ်က စပြောမည်ဆိုပါက

ကျောက်တိုင်ရွာသား သူဘရာဇာကြီးဖြစ်သော ဘအေး၏ အဖြစ်အပျက်များက စတင်ရပေလိမ့်မည်။

BURMESE CLASSIC .com



[၁]

တစ်သက်နဲ့တစ်ကိုယ် ထိုညလောက် မိုးသည်းသောည မရှိဘူးဟု ဘအေးထင်နေမိသည်။ မိုးတင်မက လေပါ ပါလိုက်သေးသည်။

တဝူးဝူးတဝေါဝေါဖြင့် မိုးတွေလေတွေကျလာပုံမှာ ဘအေးနေသော သူဘရာဇာဇရပ်ကလေးပင် လွင့်ပါသွားလုမတတ်။

တစ်ချက်တစ်ချက် လျှပ်စီးကလည်း ဝင်းကနဲ ဝင်းကနဲ ပြက်လိုက်ချေသေးသည်။ သချိုင်းထဲမှာရှိ လျှပ်ပြက်စဉ်တွေရသော မြင်ကွင်းများက အသည်းငယ်သူတို့အဖို့ ထိတ်လန့်စရာ။

www.burmeseclassic.com

www.burmeseclassic.com



ဘအေးလို သချိုင်းမှာမွေး သချိုင်းမှာကြီးပြီး သချိုင်းမြေကို အင်မတန်ချစ်သောသူပင် ရင်ထဲ ဘာလိုလို ဖြစ်ဖြစ်သွားရလေ၏။

ခွေးတွေကလည်း တစ်ချက်တစ်ချက် တဝုန်းဝုန်း ထိုးဟောင်ချေသေးသည်။ ဟောင်ပြီးသည့်နောက်ဒွိစီကနဲ အူသံရှည်ကြီး ဆွဲလိုက်ပုံက အသည်းယားစရာ။

"တောက် ဒီခွေးတွေကတော့ကွာ၊ နားငြီးလိုက်တာ"

ဘအေးမှာ မကျေမနပ်ပြောဆိုရေရွတ်ရင်း ပုဆိုးနံ့ငယ်ပိုင်းလေးအတွင်းသို့ တစ်ကိုယ်လုံး ဝင်နိုင်သမျှ ဝင်အောင်ကျုံ့ဝင်ကွေးအိပ် လိုက်လေသည်။

သို့သော် ပုဆိုးလေးမှာ သူ့တစ်ကိုယ်လုံးကိုတော့ မဖုံးလွှမ်းနိုင်ရှာ။

ခြေထောက်ပိုင်းအား အသားပေးဖုံးထားသောကြောင့် အပေါ်ပိုင်း ခါးအထက်မျှသာ ရောက်ရှိနိုင်လေ၏။

ဘအေးအိပ်ပျော်ရန် ကြိုးစားနေသည်မှာကြာလှ



လေပြီ။ မိုးတွေသည်းလွန်းနေသဖြင့် အိပ်မရခြင်းဖြစ်ချေ၏။

ခန္ဓာကိုယ်ကို တစ်ဘက်သို့ စောင်းကွေးလိုက်သည်။ သုသာန်ဇရပ်ကလေး၏ အဝမှတစ်ဆင့် သချိုင်းမြင်ကွင်းတစ်ချို့အား မြင်လာရလေ၏။

လျှပ်စီးတွေ ပြက်ပြန်လေပြီ။

ထို့နောက်ခဏအကြာမှာပင် ဝုန်းကနဲ အသံကြီးနှင့်အတူ မိုးကြိုးပစ်ချလေ၏။

ဘယ်ကို ထိမှန်လေသည်မသိ။

တစ်ချက်ပြီးတော့ နောက်တစ်ချက်။ ပြီးတော့ နောက်တစ်ချက်။ သူနေသော သုသာန်ဇရပ်ကလေး သိမ့်သိမ့်ခါသွားလေ၏။

"ဟာ သချိုင်းထဲကို ပစ်တာပဲ"

မိုးကြိုးဟူသည် မကောင်းသောသူများသို့သာ ပစ်သည်ဟူ၍ ဘအေးကြားဖူး၏။ ပြီးတော့အမြင့်ပိုင်းနေရာများသို့သာ ပစ်သည်တဲ့။

အခုလို လူသေတွေပဲ ရှိပြီး တစ်ခြားထက်

www.burmeseclassic.com

www.burmeseclassic.com



လည်း နိမ့်လှသောနေရာကိုမှ ဘာကြောင့် မိုးကြိုးက လာပစ်လေသလဲ။ စဉ်းစားလို့မရ။

ထိုစဉ်မှာပင် နောက်တစ်ကြိမ် အုန်းကနဲ အသံတစ်ခုကို ကြားရပြန်လေသည်။

ဒီတစ်ခါတော့ မိုးကြိုးက သစ်ပင်တစ်ပင်ပင်ကို ထိမှန်သွားဟန်တူ၏။ မီးစတင်စွဲလောင်လေသော အသံတဖျစ်ဖျစ်ကို ကြားရလေသည်။

သို့သော် ဒီလောက် မိုးတွေရွဲရွဲစိုအောင်ရွာထားမှတော့ မီးက အကြီးအကျယ်မလောင်လောက်ဟု ထင်မိသည်။ အရမ်းမီးကြီးရင်ကော ဘအေးတစ်ယောက် ဘာများတတ်နိုင်မှာမို့လဲ။

အရာရာကို လျစ်လျူရှုထားတတ်သော အကျင့်က ပါနေလေပြီ။

သေခါမှသေစေရော့ဟူသော နှလုံးသွင်းမှုမျိုးဖြင့် သုဘရာဇာကြီး ဘအေးတစ်ယောက် သုသာန်ဇရပ်ထဲတွင် အတင်းဖွတ်မှိတ်အိပ်ပစ်ဖို့ ကြိုးစားနေလေတော့၏။



မေးခန့်ဖြစ်သွားလိုက်သည်ဟု ထင်သည်။

ထိုစဉ်မှာပင် ကြမ်းပြင်ကြီး သိမ့်ကနဲ့ဖြစ်သွားသည့်နှယ် ထင်လိုက်မိ၏။

ပထမတစ်ချက် နောက်နှစ်ချက်၊ သုံးချက်မှ ဆက်ကာ ဆက်ကာ။ မှီတင်းနေထိုင်ရာ မြေအပြင်သည်ပင် ပုခက်လွှဲသကဲ့သို့ ပြင်းထန်စွာ လှုပ်ယမ်းနေသော အခါ ဘအေးတစ်ယောက် ဘယ်လိုမှ အိပ်မရတော့ဘဲ ထသာ ထိုင်နေရပါလေတော့သည်။

နှုတ်မှလည်း ငြီးငြူမိ၏။

"ပထမ မိုးကြီးရွာတယ်၊ မိုးကြိုးတွေပစ်တယ်၊ ခုတစ်ခါ လျှင်တွေလည်း လှုပ်ပြန်တယ်၊ ဘယ်လို အတိတ်ဆိုး နိမိတ်ဆိုးတွေများပါလိမ့်နော်"

www.burmeseclassic.com



၂၂

"ရွာပြင် သချိုင်းစပ်နားမှာထူးဆန်းပြီးကြောက်စရာကောင်းတဲ့ တွင်းကြီးနှစ်တွင်းပေါ်နေသတဲ့"

ဟူသော သတင်းစကားသည် ကျောက်တိုင်တစ်ရွာလုံးသို့ ခဏချင်းပျံ့နှံ့၍ သွားလေ၏။

ထို တွင်းများအား ပထမဆုံးစမြင်သည်မှာ သုဘရာဇာကြီး ဘအေးဖြစ်ပြီး နံနက်လင်းလို့ သချိုင်းထဲ လှျောက်ကြည့်စဉ်၌ သချိုင်းမြေအပြင် စည်းရိုးနားကပ်လျက်တည်ရှိသော ထိုတွင်းနှစ်တွင်းအား မြင်လိုက်ရသည့်အခါ သူသည်ပင်လျှင် မြင်မြင်ချင်း ထိတ်လန့်



သွားမိသည် ဆို၏။

ဘအေးထံမှတစ်ဆင့် သတင်းစကားများ ပျံ့နှံ့သွားပြီး မကြာမီမှာပင် ရွာသူရွာသားများက သချိုင်းနားအသီးသီး လာကြည့်ကြလေသည်။

ညက မိုးကြိုးပစ်ခံထားရသဖြင့် မီးသင့်လောင်ကြွမ်းနေသော သစ်ပင်ကြီး၏ နံဘေးတွင် ထိုထူးဆန်းကြောက်စရာတွင်းနှစ်တွင်း ဖြစ်ပေါ်နေခြင်းဖြစ်လေသည်။

လျှင်လှုပ်စဉ် မြေလွှာပြတ်ရွှေ့ပြီး ပေါ်လာသည့် သာမာန်မြေတွင်းနှစ်တွင်းဖြစ်သော်လည်း ထိုတွင်းများ၏ ပုံစံက မြင်သူတိုင်းအား ကြောက်မက်ဖွယ်ရာဖြစ်စေပါသည်။

သချိုင်းမြေ၏ အပြင်ဘက်အစပ် ကွင်းခေါင်ခေါင် မြေမာမာအရပ်တွင် ဖြစ်ပေါ်နေခြင်းဖြစ်ပြီး တွင်းများမှာ အဝကျယ်ကာ အတွင်းပိုင်း၌ကျဉ်းမြောင်းသွားသော အသွင်မျိုးဖြစ်လေသည်။ ရုတ်တရက်ကြည့်ပါက သားကောင်တစ်ကောင် ပါးစပ်ဟဖြဲ၍လင့်နေသလို ထင်

www.burmeseclassic.com

www.burmeseclassic.com



ရ၏။

တွင်းဝတွေမှာလည်း ကျောက်ချွန်အစအနများ မညီမညာငေါ်ထွက်နေကြတာဆိုတော့ တကယ်ကို မကောင်းဆိုးရွား၏ ခံတွင်းပေါက်အလားပင်။

တစ်ယောက်စကား တစ်ယောက်နားဖြင့် သတင်းပျံ့ကာ လာကြည့်လိုက်ကြသည်မှာ တစ်ရွာလုံး နီးပါးပင်။ ကြည့်မိသူတိုင်းလဲ ကြောက်ရွံ့သွားကြမဲ့ဖြစ် ပါလေ၏။

နောက်ပိုင်းတွင် ထူးခြားမှုတို့ ပိုမိုများပြား၍လာ သည်။

တွင်းမြေမှာ တစ်စစမည်းနက်၍ လာခြင်းပေ တည်း။

လူတွေက ထိုတွင်းနှစ်ခုအား မကောင်းဆိုးရွား တွင်းကြီးမျ[illegible]ါစပြုလာသည်။

တစ်ယောက်က ပြော၏။

"ဒီတွင်းတွေဟာ လူထည့်မြှုပ်ဖို့ ပေါ်လာတာ ဖြစ်မယ်"



"ဒီလို ကြောက်စရာကောင်းတဲ့ ကျင်းကြီးတွေ ထဲ ဘယ်သူက အမြှုပ်ခံချင်မှာလဲ"

"ဘယ်သူမှတော့ အမြှုပ်ခံချင်မှာ မဟုတ်ဘူး၊ ဒါပေမယ့် တွင်းတွေကတော့ ထူးထူးဆန်းဆန်း ပေါ်လာခဲ့ပြီလေ၊ အဲဒီတွင်းတွေထဲ ထည့်မြှုပ်ဖို့ အဖြစ်ဟာလည်း သူ့ဘာသာ ပေါ်လာလိမ့်မှာ ပဲ"

"ဒီလိုဆိုတော့ လူတွေ သေလိမ့်မယ် ဆိုတဲ့ သဘောပေါ့"

"အဲဒီလိုပဲ ပြောရတော့မှာပေါ့လေ"

မည်သို့ပင်ဖြစ်စေ ကြောက်စရာအဖြစ်များ မကြာမီဖြစ်ပွားလာတော့မည်ဟုတော့ တစ်ရွာလုံး သဘောတူညီ ကြောက်ရွံ့နေကြပါလေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



[၃]

ကျောက်တိုင်ရွာတွင် ခလေ့တစ်ခုရှိ၏။

တစ်နှစ်တစ်ခါ စပါးစိုက်ချိန်မတိုင်မီ ပုစ္ဆာန်းဆရာအား မေးလေ့ရှိခြင်းပေတည်း။

ရွာသူရွာသားတို့သည် လှူရန်ကောင်းနိုးရာရာ ပစ္စည်းကလေးများယူဆောင်ကာ ပုစ္ဆန်းဆရာဆီ လာလေ့ရှိ၏။

ပုစ္ဆန်း[illegible]ရာ[illegible]မေးလာသူများ စုံလင်လောက်သောအချိန်တွင် ထင်းချောင်းများဖြင့် မီးဖိုလေတော့၏။ ပြီးတော့ သူထံတွင်အသင့်ရှိသော ဆေးမှုန့်ကလေးများကို ထိုမီးပုံထဲသို့ ဖျန်း၍ ဖျန်း၍ ထည့်လေသည်။



ထို့အပြင်ကျောက်ခဲငယ်ကလေးများကိုလည်း မီးပုံထဲသို့ ပစ်ထည့်လေ၏။

မီးပုံမှတက်သော မီးလျှံကိုကြည့်၍လည်းကောင်း၊ မီးပုံမီး သေသွားသောအခါ ကျောက်ခဲငယ်ကလေးများတွင် မီးသင့်မှိုင်းတက်နေပုံအား ကြည့်၍လည်းကောင်း ပုစ္ဆန်းဆရာက နိမိတ်ဖတ်ရခြင်း ဖြစ်လေသည်။

မေးသောနှစ်အတွက် မိုးကောင်းမည်၊ ပါးမည်ကို လည်းကောင်း၊ သီးနှံအထွက်မည်သို့ရှိမည်ကိုလည်းကောင်း ပုစ္ဆန်းဆရာက ဟောပေးလေ၏။

ထို့နောက်ရွာသူရွာသားများအားလည်း လယ်အထွက်တိုးရန် နယ်ပိုင် လယ်ပိုင်တို့အား ပူဇော်ရ မည့်ပစ္စည်းတို့ကို ညွှန်ပြလေသည်။ အများအားဖြင့်တော့ ကြက်၊ ဘဲစသည့် အသင့်ရနိုင်သော အကောင်တို့နှင့် ပူဇော်ရခြင်းပင်တည်း။

ဒီနှစ်အတွက်လည်း ပုစ္ဆန်းဆရာထံသို့ ထုံးစံအတိုင်း ရွာသားများ လာရောက်ကြပါလေသည်။

www.burmeseclassic.com

www.burmeseclassic.com



သို့သော် ဒီတစ်ကြိမ်မှာတော့ ပုစ္ဆာန်းမေးပွဲမှာ ခါတိုင်းလိုလွယ်လွယ်ကူကူနှင့် ပြီးမသွားခဲ့ပါချေ။

ချွေးပျံနေသော ပုစ္ဆာန်းဆရာကိုကြည့်၍ လာမေးသူများ ထိတ်လန့်နေမိကြလေ၏။

မီးဖိုထားသည်မှာ အချိန်အတော်ကြာသွားခဲ့လေပြီ။ မီးလျှံတို့က တရှိန်ရှိန်တငြီးငြီးတောက်လောင်နေဆဲ။ ပုစ္ဆာန်းဆရာ၏ မျက်နှာမှာ မီးရောင်တွင်အဆီပြန် ပြောင်လက်နေလေတော့၏။

နဖူးပေါ်မှ စီးကျလာသော ချွေးများအား လက်ဖမိုးဖြင့် သုတ်လိုက်ရင်း ပုစ္ဆာန်းဆရာက စိတ်မသက်မသာ စကားတစ်ခွန်းကို ဆိုလေ၏။

"မကောင်းဘူး၊ ဘယ်လိုမှကို မကောင်းတာ"

"ဘာဖြစ်လို့လဲဟင် ဆရာ"

"ကျုပ်နတ်မေးလာတဲ့ သက်တမ်းတလျှောက် ဒီတစ်ခါရတဲ့အဖြေဟာ အံ့သြစရာအကောင်းဆုံးပဲ"

"ဘာတဲ့လဲ ဟင်"



"မြွေနဲ့ ပူဇော်ရမယ်တဲ့"

"ဟင်၊ မြွေနဲ့ ..."

"ဟုတ်တယ်၊ ခါတိုင်း ကြက် ဘဲတွေနဲ့ ပူဇော်နိုင်းနေကျဟာ ခုကျမှ ဒီလို အဖြေထွက်လို့ အံ့သြနေတာ"

"အဲဒီ အဓိပ္ပါယ်က မကောင်းဘူးပေါ့နော်"

"ဟုတ်တယ်၊ ရွာမှာလူအသေအပျောက် တော်တော် ရှိလိမ့်မယ်၊ အထူးသဖြင့် နောက်ထပ်လဆန်းမတိုင်ခင် သတိသာထားကြပေတော့"

ဖွဖွဖွ

www.burmeseclassic.com

www.burmeseclassic.com



[၄]

ပုစ္ဆန်းဆရာ၏ ထိုဟောကိန်းသည် သချိုင်းစပ်မှာ ဖြစ်ပေါ်လာသော မကောင်းဆိုးရွား တွင်းကြီးနှစ်တွင်းနှင့် ဆက်စပ်၍သွားလေ၏။

လူတွေက ထိုတွင်းကြီးများအား ပိုထိတ်လန့်လာကြပြီး တွင်းကြီးတွေနား ဘယ်သူမှ မသွားရဲလောက်အောင်ပင် ဖြစ်လာကြလေတော့သည်။

ဒီကြားထဲမှာ နောက်ထပ်အခြေအနေ ပိုဆိုးသွားစရာ အကြောင်းတစ်ခုကလည်း ဖြစ်လာခဲ့လေ၏။

သချိုင်းဘက်နားသို့ ညဘက်သွားမိကြသော ကာလသားတွေက တစ်ဆင့်ပြန့်လာခြင်းဖြစ်လေသည်။



"တွင်းကြီးထဲမှာ အော်သံများကြားရသည်"

တဲ့။ လေပြင်းပြင်းတိုက်သော အခါမျိုးတွင် ကုန်းမြင့်ဂမူလေးပေါ် တည်ရှိနေသော တွင်းကြီးတွေထဲသို့ လေလမ်းကြောင်းပြောင်းကာ ဝင်တိုးပြီး ဆူညံညံအသံများ ဖြစ်ပေါ်တတ်ခြင်းမှာ သိပ်မဆန်းလှသော်လည်း နဂိုကတည်းက ကြောက်ရွံ့ခြင်းအခံရှိနေသူများအဖို့မူ ပိုကြောက်စေအောင်ဖန်တီးသကဲ့သို့သာ ရှိနေခဲ့ပါလေ၏။

သုဘရာဇာကြီး ဘအေးကတော့ တွင်းကြီးများနှင့် ပတ်သက်ပြီး သိပ်မပြောတော့။

သူ့ကိုမေးလေတိုင်း မပြောချင်သလိုလို မသိသလို အူလည်လည် လုပ်နေလေတော့၏။

ထိုကဲ့သို့ သူပြုမူနေခြင်းကပင် ရွာသားများအဖို့ သို့လောသို့လော အတွေးပွားစရာ ဖြစ်နေပြန်ပါလေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



[၅]

သချိုင်းစပ်ရှိ တွင်းကြီးများနှင့် ပတ်သက်၍ လူများစည်းဝေးတိုင်ပင်ကြသည်မှာ ထိုတွင်းကြီးများပေါ်ပြီး တစ်လကျော်မျှအကြာတွင် ဖြစ်လေသည်။

ထိုအချိန်တွင် မကောင်းဆိုးရွားတွင်းကြီးများအား ကြောက်လန့်မှုကလည်း အမြင့်ဆုံးသို့ရောက်နေကြလေပြီ။

စည်းဝေးတိုင်ပင်ရန် သူကြီးအိမ်သို့ လူများ တမွှမွှ ရောက်ရှိလာကြလေ၏။ လူအနည်းငယ်မျှ ရောက်စပြုစဉ်မှာပင် စကားစပ်ပြောဆိုမိကြသည်က တွင်းကြီးများ အကြောင်း။



"ည ညဆို၊ တွင်းကြီးတွေ နားမှာ ကျီးတွေ ပြုံသံ ခဏ ခဏကြားရတယ်"

ဟု တစ်ယောက်က ပြောသောအခါ ... နောက်တစ်ယောက်ကလည်း

"ခုတစ်လော ရွာထဲမှာလည်း အနာအဖျားသိပ်များတယ်"

ဟု သူသိသည်ကို ပြန်ပြောပြလေ၏။

"တို့ရွာလည်း ဘယ်လိုဖြစ်ပြီး ကပ်ဆိုက်နေလဲ မသိဘူး၊ ခုဆို လူတွေ ညဘက်ရွာပြင်မထွက်ရဲအောင်တောင် ဖြစ်နေကြပြီ"

"ဘယ်ထွက်ရဲမလဲဗျ၊ ဟိုတွင်းကြီးတွေဆီက အော်သံကြီးတွေကြားနေရတာကိုး၊ ညဘက်ဆို အသံကြီးတွေက ပိုတောင်ဆိုးသေးတယ်"

"တွင်းမြေကလည်း အရောင်နက်နေတာ ပိုပြီးတော့ သိသာလာပြီ၊ ခုဆို မည်းနက်နေလိုက်တာမှ မှောင်နေတာပဲ"

"မင်းက ဘယ်လိုသိတုန်း"

www.burmeseclassic.com

www.burmeseclassic.com



"ဟိုနေ့က အသုဘတစ်ခုသွားပို့ရင်းနဲ့ သုဘ ရာဇာကြီးကိုတွေ့လို့ အတင်းကပ်ပြီး မေးကြည့် လိုက်တာ"

"သုဘရာဇာကြီးကလည်းနော် အဲဒီတွင်းတွေ အကြောင်းမေးရင် သိပ်မဖြေချင်ဘူး၊ အတင်း မေးလွန်းမက မေးတော့မှ ထွက်လာရင် တစ် ခွန်းစ နှစ်ခွန်းစရယ်"

"ဟုတ်တယ် သူကြည့်ရတာ တစ်ခုခုကို စိုးရွံ့ နေသလိုပဲ"

"ဒါမှမဟုတ် အဲဒီတွင်းတွေနဲ့ ပတ်သက်တဲ့ ကြောက်စရာ အရမ်းကောင်းတာ တစ်ခုခုကို သူသိနေလို့များလား"

ထိုစဉ်မှာပင် သူတို့ပြောနေလက်စအား ရပ်တန့် သွားစေမည့် ကိစ္စတစ်ရပ်သည် ပေါ်ပေါက်၍လာခဲ့ချေ ၏။

သုဘရာဇာကြီး ဝင်ရောက်၍ လာခြင်းပေ တည်း။ လူအားလုံး၏ အကြည့်များသည် သုဘရာဇာ



ကြီးဆီသို့ ရောက်ရှိ၍သွားကြလေ၏။

"သူလည်း လာပါလား"

"သူကြီးက စည်းဝေးဖို့ကိစ္စမှာ သူ့ပါ ခေါ်ထား တယ်နဲ့တူတယ်"

"တော်တော်အရေးကြီးလို့ ဖြစ်မှာပေါ့"

မကြာမီပင် နောက်ထပ်လူများ တစ်ဖွဲ့ဖွဲ့ရောက်ရှိ လာကြပြီး လူစုံသွားလေတော့သည်။

သူကြီးလည်း အိမ်ပေါ်မှ ဆင်းလာခဲ့လေ၏။

✸

www.burmeseclassic.com

www.burmeseclassic.com



"ကဲ အားလုံးကို ခုလိုခေါ်ရတဲ့အကြောင်းက တော့ အများလည်း သိကြပြီးသားဖြစ်ပါလိမ့်မယ်၊ ကျုပ်တို့ရွာရဲ့ သချိုင်းစပ်မှာ ထူးထူးခြားခြားပေါ်နေတဲ့ တွင်းကြီးတွေနဲ့ ပတ်သက်လို့ပါပဲ"

နားထောင်နေသူတိုင်း၏ ခေါင်းများထောင်မတ်လာကြလေ၏။ ခလုပ်တစ်ခုနှိပ်လိုက်သလိုလည်း ရုတ်တရက် အသံများ ငြိမ်ကျသွားကြလေ၏။

သူကြီးက လူအားလုံးကို တစ်ချက်ဝေ့ကြည့်လိုက်ပြီးမှ စကားကို ဆက်သည်။



"ဒီတွင်းကြီးတွေဟာ ဘယ်လိုကြောင့် သူ့ဟာသူ ပေါ်လာကြတာပါပဲ၊ ဒါပေမယ့် လူတွေက ယုံထင်ကြောင်ထင် ထင်ကြပြီး ဒီတွင်းတွေကို ကြောက်နေကြတယ်၊ ဒါကြောင့် ဒီတွင်းတွေနဲ့ ပတ်သက်လို့ တစ်ခုခုလုပ်ဖို့ လိုပြီနဲ့တူတယ်"

သူကြီးက စကားတပြတ်ပြောအပြီးတွင် လူအများသို့ ဝေ့ဝဲကြည့်လိုက်ပြန်၏။

ခေါင်းတွေသာ တညိတ်ညိတ်လုပ်နေကြသော်လည်း ပါးစပ်ကတော့ မလှုပ်။ သူကြီး နည်းနည်းကျွမ်းတိုချင်သလို ဖြစ်သွားမိ၏။

"ကဲ ခေါင်းတွေချည်း ညိတ်မနေကြနဲ့ဦး ဘာလုပ်သင့်တယ်ဆိုတာ ဝိုင်းတိုင်ပင်ကြဦးလေ"

"သူကြီးပြောတာ ကောင်းပါတယ် သင့်သလိုသာ စီမံပါ"

ရွာသားအသက်ခပ်ကြီးကြီးလူကြီးတစ်ယောက်က ပြောသည်။ သူကြီးမှာ မျက်ခုံးကို ရှုံ့လိုက်၏။ ပြီးတော့ စိတ်တိုတိုနှင့် ပြောချလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ကျုပ်ကတော့ ဒီတွင်းကြီးတွေ ဖို့ပစ်လိုက်ချင်တာပါပဲ"

နားထောင်နေသူ ရွာသူရွာသားအားလုံးတွန့်ကနဲဖြစ်သွားသည်ဟု ထင်လိုက်ရသည်။ ဒီတစ်ခါ ခေါင်းပင် မညိတ်နိုင်ကြတော့။ တစ်စုံတစ်ခုအား ကြောက်ရွံ့သွားသလို မျက်လုံးများဝိုင်းလျက် ဘေးဘီဝဲယာသို့ကြည့်ကြလေ၏။

သူတို့အသွင်က တစ်ယောက်ယောက် ကြားသွားမှာကိုပင် စိုးရိမ်နေသည့်အလား။

သူကြီးက ထပ်မေးပြန်သည်။

"ကဲ ကျုပ်ပြောတာ ဘယ်လိုသဘောရတုန်း၊ ဒီတွင်းကြီးတွေကို ဖို့ပစ်မယ်လေ"

အားလုံး နှုတ်ဆိတ်နေကြလေ၏။

သူကြီးက ခုနက ပြန်ဖြေသော ရွာသားကြီးထံ မေးဆတ်ပြလိုက်သည်။ ဘယ်လိုလဲဆိုသည့် သဘော။ ထိုရွာသားကြီးမှာ မနေသာတော့။

"ဟုတ် ... ကောင်းတော့ ကောင်းပါတယ်၊



ဒါပေမယ့် လွယ်ပါ့မလား"

"ဟာ ဘာမလွယ်စရာရှိတုန်း၊ တွင်းနှစ်တွင်းမြေဖို့တဲ့ကိစ္စလေး ဥစ္စာ၊ ကျုပ်နဲ့ရွာသား လေးငါးယောက်လောက် သွားလုပ်လိုက်ရင် ကိစ္စပြတ်နေမှာပဲ"

ဒီတစ်ခါတော့ ရွာသားများ တွန့်ဆုတ်သွားရ ... သည့် ဖြစ်ချေသည်။ တစ်ခုခုပြောလိုဟန်ရှိကြသော်လည်း သူကြီးအားကြောက်သည့်ကြောင့် မပြောရဲ။ အချင်းချင်းသာ တစ်ယောက်နှင့်တစ်ယောက် လက်တို့ချည် မေးငေါ့ချည် ဖြစ်နေကြလေ၏။

သူကြီးက ... အားကြိုးမာန်တက်မရှိလှဘဲ ကြောက်သလို ရွံ့သလိုဖြစ်နေသော လူအုပ်ကြီးအား ဒေါသဖြစ်ဖြစ်နှင့် တင်းမာစွာဝေ့ဝဲကြည့်ရှုလိုက်၏။ သူ့အကြည့်များမှာ လူအုပ်စွန်တွင်ထိုင်နေသော သုဘရာဇာကြီး ဘအေးထံတွင် အဆုံးသတ်လေသည်။

သူကြီးမျက်နှာတွင် အားတက်သွားသလို တစ်ချက်ကလေး ပြုံးယောင်သန်းသွားလေ၏။

www.burmeseclassic.com

www.burmeseclassic.com



"ကဲ ကိုဘအေးကရော ဘယ်လိုလဲ"

ခေါင်းငုံ့နေရာမှ သုဘရာဇာကြီး ရုတ်တရက် မော့လာလေ၏။ သူ့မျက်ဝန်းများတွင်တော့ အသိရခက်သော အရိပ်အယောင်များ ယှက်သန်းလျက်။

"အချိန်မစောလွန်းနေဘူးလား ခင်ဗျာ"

"ဘာကို အချိန်စောရဦးမှာလဲကွ၊ ဒီမြေဖို့ ဖို့ဟာလေးပဲ ဥစ္စာ"

သူကြီးမှာ သူမျှော်လင့်သလိုစကားမျိုး မကြားရသဖြင့် စိတ်ပျက်သွားလေ၏။

လူတွေလည်း ငြိမ်သက်နေရာမှ ကြွက်စီကြွက်စီ ဖြစ်လာကြလေသည်။ ခုမှပင် သုဘရာဇာကြီး စကားကို သံယောင်လိုက်ချင်သလိုလို အသံများပြုလာကြလေ၏။

သူကြီးကလက်မြှောက်ကာ လူအုပ်အား ထိန်းလိုက်သည်။ ထိုစဉ်မှာပင် ဘအေးက တစ်လုံးချင်းပြောလိုက်လေသည်။

"တွင်းတွေကိစ္စက တစ်ခြားနည်းနဲ့ ဖြေရှင်းလို့ ရနိုင်ပါသေးတယ် ခင်ဗျာ၊ အန္တရာယ်ကင်းတဲ့နည်းနဲ့ပေါ့"

"မင်းက ဘာအကြံအစည်များရှိနေလို့လဲ"

"ဒီကျင်းတွေဟာ လူမြှုပ်ဖို့ ပေါ်လာတဲ့ ကျင်းတွေလို့ ကျွန်တော်ယူဆပါတယ်"

"ဟုတ်ပြီ၊ အဲဒီတော့ ...

"အမြှုပ်ခံရမယ့်သူပေါ်လာတဲ့အထိ စောင့်ရုံပါပဲ ခင်ဗျာ၊ တခြား ဘာမှ လုပ်စရာမရှိပါဘူး၊ ကံကြမ္မာကိုအတင်းပြုပြင်ရင် ကိုယ်ပဲအန္တရာယ်ကြီးပါတယ်"

လူအားလုံးက ဘအေး၏ စကားကို သိသိသာသာပင်ထောက်ခံနေကြလေပြီ။ ခေါင်းညိတ်သူကညိတ်။ မသိမသာ ထောက်ခံသံများပြုသူက ပြုနှင့်။ သူကြီးမှာ အများသဘောကို မလွန်ဆန်နိုင်တော့။

"မင်းပြောတာတော့ ဟုတ်ပါပြီ၊ ဒါပေမယ့် ဒီကြားထဲမှာ တို့တွေ အထိတ်ထိတ်တလန့်လန့် နေရတာက ဆိုးတယ်ကွ"



www.burmeseclassic.com

www.burmeseclassic.com



"ဒါကတော့ ဘယ်တတ်နိုင်မလဲ ခင်ဗျာ၊ကံက ကြုံလာမှကိုး"

သူကြီးမှာ မကျေနပ်သော်လည်း ဘာဆက်ပြောရမှန်း မသိအောင်ဖြစ်ခဲ့ရပါလေတော့၏။ ခေါင်းကိုသာ အဆက်မပြတ် ယမ်းခါမိလေတော့သည်။



[၆]

ထိုသို့ဖြင့် တစ်နှစ်မျှကြာသွားခဲ့လေပြီ။

အစကတော့ သချိုင်းစပ်ရှိတွင်းကြီးများကြောင့် ကြောက်အားပိုခဲ့ရသော်လည်း ကြာလာသည့်အခါ ထိုကြောက်ရွံ့မှုနှင့် နေသားကျသလို ဖြစ်သွားခဲ့လေတော့သည်။

သို့သော် ထိုတွင်းကြီးများကိုတော့ တစ်ရွာလုံး ဝေးဝေးမှ ဆက်ရှောင်ဆဲ။ အမှန်အားဖြင့် ရွာ၏ လယ်ယာစိုက်ခင်းများမှာ ထိုတွင်းကြီးများရှိရာ သချိုင်းစပ်အထိ ရှိသော်လည်း ထိုတွင်းတွေအနားမှာ ဘယ်သူမှ လယ်ယာမလုပ်ဘဲ ကွင်းရှောင်ကြသဖြင့် ထိုနေရာလေး

www.burmeseclassic.com



တစ်ဝိုက်သည် တမင်ဖန်တီးထားသလို ပေါင်းထူထပ်သော မြက်တောကြီး ဖြစ်နေလေတော့၏။

ထိုသို့ရှိစဉ်မှာပင် တခြားနယ်မှ ဖနီးမောင်နှံနှစ်ဦး သူတို့ရွာဆီပြောင်းရွှေ့လာကြခြင်း ဖြစ်လေ၏။

✸



သူတို့ လင်မယားအား တောကျော်နှင့် ခင်လုံးဟု ခေါ်လေ၏။

နှစ်ယောက်လုံး နှစ်ဆယ့်ငါးနှစ်ကျော်အရွယ်။ ပြုံးချိုသောမျက်နှာထားများ ရှိကြလေ၏။ တောကျော်က မဲမဲပုပုရုပ်ဆိုးဆိုး ဖြစ်သော်လည်း။ ခင်လုံးကတော့ အသား ခပ်လတ်လတ်နှင့် အတန်ငယ်ကြည့်ပျော်ရှုပျော် ရှိလေ၏။

ထို့ကြောင့် လူတွေက တောကျော်အား ...

"မင်းနယ် မင်းမိန်းမကို ဘယ်လိုများရအောင် ယူလိုက်သလဲ"

www.burmeseclassic.com

www.burmeseclassic.com



ဟု မေးလျှင် …

“ဒီလိုပေါ့လေ၊ မေတ္တာစစ်မှန်တော့လည်းတုန့်ပြန်ခံရတာပေါ့”

ဟုသာ ခပ်ရှင်ရှင်လေး ဖြေတတ်လေသည်။ တစ်ချို့ကလည်း တောကျော်အား နှိမ့်ချချင်လို ရှိ၏။

“မင်းလိုလူလည်း မိန်းမရသေးသကိုး”

ဟု ဆိုလေလျှင် … တောကျော်က စိတ်ဆိုး ဟန်မရှိဘဲ …

“ဟုတ်တယ် ကျွန်တော်လည်း ဒါပဲ စဉ်းစား နေတာ၊ ကြည့်ရတာ မိုးနတ်မင်းကြီးက ကျွန်တော့်ဘဝရဲ့ အရာရာကို နှိမ့်ချထားခဲ့ပေမယ့် ဒီတစ်ခါ မျက်စိလည်သွားတယ် တူပါရဲ့ဗျာ”

ဟုပင် ဆိုတတ်လေ၏။

မည်သို့ဆိုစေ ဘယ်သူကပြောပြော သူတို့လင်မယားချင်းကတော့ ချစ်လိုက်တာမှ တုန့်လို့။ မျက်နှာချိုသလို လူတိုင်းနှင့် အလွမ်းသင့်အောင်နေတတ်သူများမို့



တခြားသူတွေကလည်း သူတို့အားချစ်ကြပါသည်။

သူတို့မှာ အတော်တောကျနွမ်းပါးသော ရွာငယ်ကလေးမှ ပြောင်းရွှေ့လာသူများဖြစ်၍ အလုပ်လောဘလည်း အတော်ကြီးကြလေသည်။

“ကျွန်တော်တို့က ငတ်ပြီး စားစရာမရှိတဲ့ဘဝတောင် ရောက်ဖူးတယ်၊ ဒါကြောင့်လည်း ဒီကိုပြောင်းပြေးလာကြတာ၊ နောက်ထပ် အဲဒီလိုဘဝမျိုးတော့ မကြုံချင်တော့ဘူးဗျာ”

ဟု တောကျော်အမြဲပြောတတ်လေသည်။

လင်မယားနှစ်ယောက်သား တက်ညီလက်ညီဖြင့် ကြိုးကြိုးစားစား လုပ်ကိုင်ကြလေ၏။

ပထမပိုင်းတော့ သူများလယ်တွေမှာ သူရင်းငှားသဘော လုပ်ကိုင်ကြသည်။ နောက်ပိုင်းတောကျော်က ခင်မင်လာသူများအား ချဉ်းကပ်ပြောကြည့်၏။

“ကိုယ်ပိုင်လယ်လေးလုပ်လို့ရရင် ကောင်းမယ်ဗျာ၊ မြေရိုင်းကလေး တစ်ကွက်လောက်များရှိရင် လုပ်ချင်ပါရဲ့”

www.burmeseclassic.com



"မင်းတွေ့တဲ့အတိုင်း ရှာနီးပတ်လည်မှာတော့ မြေလွတ်ကို မကျန်သလောက်ပဲလေကွာ၊ ဒါပေမယ့် တစ်နေရာတော့ ရှိတယ်ကွ"

တောကျော် စိတ်ဝင်စားသွားမိသည်။

"ဗျာ ဘယ်မှာလဲဟင်"

"ရွာသချိုင်းစပ်နားကမြေကွက်လေကွာ၊ပေါင်းတွေ တောထနေတဲ့ဟာပေါ့"

ထိုသို့တစ်ယောက်ကပြောလေလျှင် တခြားရွာသားတစ်ဦးက ကန့်ကွက်မည်ပြုသည်။

"ဟာ အဲဒီနေရာ ဘယ်ဖြစ်မလဲ၊ မြေကကြမ်းက ကြမ်းနဲ့"

"ဟာ ရတယ် မြေကြမ်းတာတို့ ဘာတို့ ကျွန်တော်က အယူမရှိဘူး၊ အဲဒီနေရာ ပိုင်ရှင်မရှိဘူး မဟုတ်လား"

တောကျော်၏ မျက်လုံးများမှာ စိတ်ဝင်စားမှုဖြင့် တလက်လက် တောက်ပလျက်။

"အေး ပိုင်ရှင်တော့ မရှိဘူးပေါ့၊ ဘယ်သူမှ



မလုပ်ရဲကြတဲ့ ဟာပဲ"

"ဒါဆို ကျွန်တော်လုပ်ချင်ရင် ဘယ်သူ့ ခွင့်တောင်းရမလဲခင်ဗျာ"

"သူကြီး သွားပြောကြည့်ပေါ့၊ ဒါပေမယ့် မင်းစဉ်းစားဦးနော် အဲဒီနေရာက မြေသိပ်ကြမ်းတယ်"

"ရပါတယ် ကျွန်တော်က အဲဒါတွေအယုံကြည် မရှိပါဘူး ခင်ဗျာ"

✸

www.burmeseclassic.com

www.burmeseclassic.com



သူကြီးအား သွားပြောသည့်အခါမှာလည်း ထို အတိုင်းပင် သတိပေးခဲ့ပါသည်။

"အေးလေ မင်း ဆန္ဒသိပ်ပြင်းနေရင်လည်း လုပ်ပေါ့၊ ဒါပေမယ့် လူတွေကတော့ အဲဒီနေရာ ဘယ်သူမှ မလုပ်ရဲကြဘူး၊ မြေကြမ်းတယ်တဲ့ ပြောကြတယ်"

"ရပါတယ်ခင်ဗျာ ကျွန်တော်ခုလို လုပ်ခွင့်ရတာကိုပဲ ကျေးဇူးတင်လှပါပြီ"



[၇]

အားလုံးကပင် သူတို့လင်မယားအား စိတ်ဝင်တစား စောင့်ကြည့်ခဲ့ကြလေသည်။

တချို့ကတော့လည်း ဘယ်အချိန် ဒုက္ခတွေ့လိမ့်မလဲဟု စိုးရိမ်တကြီးဖြင့်။

တောကျော်တို့မှာတော့ အန္တရာယ်ကို မမှုသည့်အလား ပျော်လို့ရွှင်လို့။ တစ်ခုတော့ သူတို့လုပ်ကြသည်။ တွင်းကြီးတွေအနားမှာ စားဦးစားဖျားများကို အမြဲသွားဆက်ကြခြင်းပေတည်း။

"ကျွန်တော်တို့ တင်မြောက်သည်များအား စားကြ သောက်ကြပါ၊ ကျွန်တော်တို့အားလည်း

www.burmeseclassic.com

www.burmeseclassic.com



ကူညီစောင့်ရှောက်ကြပါ”

ဟု တောကျော်က ဆုတောင်းတတ်လေ၏။

ပြီးတော့ လင်မယားနှစ်ယောက် တကယ်ကို တက်ညီလက်ညီ လုပ်ကိုင်ကြတော့သည်။

ထိုနေရာသည် ရက်အနည်းငယ်အတွင်းမှာပင် ပေါင်းမြက်များရှင်းကာ စိုက်ပျိုးနိုင်သော မြေအဖြစ်သို့ ရောက်၏။

သူတို့၏ ဝီရိယကြောင့်လော အခြားအကြောင်းတရားများကြောင့်ပေလော မသိ။ သူတို့လင်မယားမှာ လျှင်မြန်စွာ စီးပွားဖြစ်လာလေတော့သည်။

အားလုံးက သူတို့ကို ပြောကြ၏။

“တော်သေးတာပေါ့ မင်းတို့လင်မယား ဘယ်အချိန် ဒုက္ခရောက်မှာလဲလို့ တို့တွေ စိုးရိမ်နေကြတာ၊ ခုလိုဆိုတော့လည်း မဆိုးပါဘူးလေ”

တောကျော်နှင့် ခင်လုံးမှာတော့ ယခင်ကအတိုင်း ပြုံးရုံလေးသာ တုန့်ပြန်ပါလေ၏။

ယခင် လယ်စောင့်တဲသာသာ တဲကလေးမှ



ယခုတော့ တောင့်တောင့်တင်းတင်း ပျဉ်ထောင်အိမ်ကလေး ဖြစ်၍လာသည်။

သူတို့အတွက် အနာဂတ်သည် အရာရာ ဖြောင့်ဖြူးလျက် ...

သူတို့ အဆင်ပြေနေသည်ကိုကြည့်၍ပင် ရွာသားများ၏ တွင်းနက်ကြီးများအပေါ် နဂိုရှိရင်းစွဲကြောက်စိတ်မှာ တဖြည်းဖြည်းလျော့ပါး သွားလေတော့၏။

“ကြည့်ရတာ အချိန်တွေလည်းပြောင်းလာပြီမို့ တွင်းနက်ကြီးတွေရဲ့ ကြောက်စရာအာနိသင်တွေလည်း ကုန်ပြီနဲ့တူပါရဲ့ကွာ”

ဟုပင် လူအများ ဆိုလာကြလေ၏။

သို့သော် သူတို့အထင်မှားသွားကြောင်းကိုတော့ နောက်ထပ် အချိန်အတော်နှောင်းမှပင် သိခဲ့ရပါလေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



[၈]

လူသည် ဆင်းရဲသည့်ဒဏ်ကို ခံနိုင်သော်လည်း ချမ်းသာသည့်ဒဏ်မခံနိုင်ဟု ဆိုကြသည်။

လက်ထဲ ငွေစကြေးစလေး မြင်လာသည့်အခါ တောကျော်သည်လည်း ပြောင်းလဲလာခဲ့ရလေတော့၏။

ညနေတိုင်လျှင် အရက်ကလေးတမြမြဖြစ်လာသည်။ အပေါင်းအသင်းကလည်း ဆုံလာပြီဆိုတော့ ဟိုလူလာခေါ် ဒီလူလာခေါ်။ မသောက်ချင်ချင်သောက်ချင်ချင် ညနေတိုင်းလိုလို တော်ကျော်တို့အဖွဲ့ ရွာထိပ် အရက်ပုန်း ဆိုင်ကလေးဆီရောက်ဖြစ်နေလေတော့၏။

ခင်လုံးကတော့ ဘာမှ မပြောရှာပါ။



သို့သော် တောကျော်မှာ ညဉ့်ဆိုးတစ်ခုရှိသည်။

အရက်ကလေးသောက်ပြီးလို့ ခပ်ထွေထွေဖြစ်လာလေတိုင်း ခင်လုံးအား ဟိုလူနှင့်စွပ်စွဲ ဒီလူနှင့်စွပ်စွဲ လုပ်တတ်ခြင်းပင်တည်း။

အစပိုင်းမှာတော့ ခင်လုံးက ထိုအကျင့်အား ဘာမှ အပြစ်မဆိုပါ။

"ကျွန်မယောက်ျားက ကျွန်မကို ချစ်လို့သဝန်တိုတာလေ၊ တစ်ခြားအချိန်ဆို မသိသာဘူး၊ အရက်ကလေး မူးမှပဲ ပေါ်တော့တယ်"

ဟုပင် ရယ်စရာအနေနှင့် ပြောတတ်ချေသေး၏။

သို့သော် တောကျော်၏ ထိုအကျင့်သည်ပင် အင်မတန်ပြင်းထန်မည့် လောင်စာများအား စတင်ရှို့မြိုက်ခဲ့သည့် မီးလောင်စာသဖွယ် ဖြစ်ခဲ့ရပါလေတော့သည်။

✸

www.burmeseclassic.com

www.burmeseclassic.com



"ကိုတောကျော်ကလဲ လာခဲလိုက်တာနော်"

ခင်လုံးမှာအသံထွက်အောင်ပင် ငြီးငြူမိလေသည်။

အိမ်ရှေ့လမ်းမဘက်ဆီ မျှော်ကြည့်နေရာမှ လူရိပ်လိုလို တွေ့လိုက်သလိုရှိ၍ လှေကားထစ်မှ ခပ်သုတ်သုတ် ဆင်းကြည့်လိုက်လေသည်။

နောက်တော့ သူ့ယောက်ျားကို မတွေ့သဖြင့် အိမ်ပေါ်ပြန်တက်ရပြန်၏။ တကယ်တော့ ခင်လုံးတစ်ယောက် ထိုအတိုင်းဖြစ်နေခဲ့သည်မှာ တစ်ညနေခင်းလုံးပင်ဖြစ်လေသည်။



လူရိပ်လိုလိုမြင်တိုင်း အိမ်ရှေ့ထွက်ထွက်ကြည့်လိုက်ရတာအမော။

ပြီးတော့ မဟုတ်မှန်းသိလျှင် ပြန်တက်နှင့် ခဏခဏ တက်ချည်ဆင်းချည်။

"ကိုတောကျော်ကလည်းနော်၊ ပြောစရာရှိပါတယ်ဆိုမှ၊ တန်တော့ စပါးရောင်းပြီး အပြန်ကို အရက် ဝင်မော့နေပြီတူတယ်"

ခင်လုံးမှာ ဆောင့်ကြီးအောင့်ကြီး ရွတ်ဆိုရင်း အိမ်ရှေ့ လှေကားထစ်များပေါ် မကျေမနပ် ထိုင်ချလိုက်လေ၏။

ဒေါသဖြစ်ချင်လာသော စိတ်သည် အတွေးတစ်ခုဆီရောက်သွားမှပင် ချက်ချင်းပြန်ပြေချင်သလိုဖြစ်သွားခဲ့လေ၏။

နားထဲတွင် ရွာထဲက သူနာပြု သားဖွားဆရာမကြီးဖြစ်သော ဒေါ်လေးငွေ၏ စကားသံများကို ကြားယောင်လာမိလေသည်။

"ညည်းနှယ့်အေ၊ အိမ်ထောင်သည်ဖြစ်နေပြီး

www.burmeseclassic.com

www.burmeseclassic.com



ကိုယ့်ကိုယ်ဝန်ဒီလောက်ရင့်နေတာတောင် မသိ
ဘူးလား''

တဲ့။ ထိုစကားကြားကြားချင်း ခင်လုံးအံ့သြသွား
မိသည်။ အစက နေထိုင်မကောင်းချင်သလိုလို သရိုး
သရီ ဖြစ်လာလို့ ဒေါ်လေးငွေဆီ ဆေးလေးဘာလေး
တောင်းရအောင် ထွက်လာခဲ့ရုံ မဟုတ်လား။

တဖြည်းဖြည်းမှ ထိုစကား၏ အဓိပ္ပါယ်ကို ဆင်
ခြင်မိပြီး အရမ်းဝမ်းသာသွားရလေတော့သည်။

''တကယ် ... တကယ်ပြောတာလား ဟင်၊
ဒေါ်လေးငွေ၊ ကျွန်မမှာ ကိုယ်ဝန်တကယ်ရှိနေ
ပြီလား''

''အေးပေါ့ဟဲ့၊ ညည်းကိုယ်ညည်း မသိဘူး
လား''

''အို ဘယ်သိမလဲတော့၊ ကျွန်မမှ ကိုယ်ဝန်မ
ဆောင်ဘူးတဲ့ဟာ''

အားလုံး ဝိုင်းရယ်ကြလေ၏။

ခင်လုံးလည်း အားရပါးရပင် ဝင်ရယ်မိသည်။



သူတို့မှာ ကလေးမရနိုင်ဘူးထင်ကာ လက်လျှော့ထားမိ
ကြသူများဖြစ်ပါလေသည်။

အိမ်ထောင်ကျစကတည်းက လင်မယားနှစ်
ယောက်လုံး ကလေးလိုချင်လိုက်တာမှ တစ်ပိုင်းသေလို့။
ရလာနိုးနှင့် မျှော်လင့်ကြသော်လည်း ကံမပေးသော
ကြောင့် ထင်၏။ ဘယ်လိုမှ ကိုယ်ဝန်တည်လာခြင်းမရှိ
ခဲ့။ ထို့သို့ဖြင့် မမျှော်လင့်တော့ဘဲ လက်လျှော့ထားခဲ့သည်
ပင် အတော်ကြာသွားခဲ့ချေပြီ။

ဒါအင်မတန်ကောင်းတဲ့ သတင်းပဲ ...

ဟု ခင်လုံးတွေးလိုက်မိသည်။

ကိုတောကျော်သာကြားလျှင်လည်း သူမလိုပင်
ဝမ်းသာလိမ့်မည် မုချ။ ထို့ကြောင့် သတင်းကောင်းကို
ဖောက်သည်ချချင်လှပါသည်။

သို့မို့ကြောင့်လည်း နေလည်ကတည်းက စောင့်
မျှော်နေခြင်းဖြစ်ပါလေ၏။

✸

www.burmeseclassic.com

www.burmeseclassic.com



“ဒင်းတော့လား၊ လာမှ ကောင်းကောင်း ဆူပွက်လိုက်ဦးမယ်”

ခင်လုံး အံကို ကြိတ်သည်။

နေပေစေ့ဟု အိန္ဒြေဆောင်သည့်သဘောဖြင့် အိမ်ပေါ်တက်အိပ်နေမည်ပြု၏။

သို့သော် ကြာကြာမအိပ်နိုင်ပြန်ဘဲ ခုနကလို အိမ်ရှေ့နှင့် အိမ်ထဲသို့ ဝင်ချည်ထွက်ချည်။

ထိုသို့ဖြင့်ပင် ညနေမှောင်ရီပျိုးစ အချိန်သို့ ရောက်လာခဲ့လေတော့၏။ နောက်ဆုံးတစ်ခေါက်အိမ်ထဲပြန်အဝင်တွင် ခင်လုံးမှာ စိတ်မောကာ မှေးကနဲပင် အိပ်ပျော်သွားရပါလေသည်။

✸



“ခင်လုံးရေ၊ ဟေ့ ခင်လုံး၊ အယ် ဒီမိန်းမဘာယ် ချောင်ကပ်နေပါလိမ့်”

အစကတော့ ခင်လုံး အိပ်မက်လိုလို ထင်နေသေးသည်။ ခေါ်သံနှင့် တဆက်တည်း အိမ်ပေါ်တက်လာသော ခြေသံပြင်းပြင်းကို ပီပီပြင်ပြင်ကြားလိုက်ရ၏။

“ကိုတော်ကျော်ပြန်လာပြီပဲ”

ခင်လုံး ငေါက်ကနဲ ထထိုင်သည်။ သူမ ထလိုက်သည်နှင့် တစ်ပြိုင်တည်း တောကျော်သည်လည်း အိပ်ခန်းထဲ ဝင်ရောက်လာသည်ကို တွေ့လိုက်ရလေ၏။

“ဟာ ဒီမိန်းမ အချိန်အစောကြီး ရှိသေးတယ်

www.burmeseclassic.com

www.burmeseclassic.com



အိပ်နေရလား''

ခင်လုံးမှာ လှျော့ပြေနေသော ဆံပင်များအား ဘီးတစ်ချောင်းဖြင့် ကပိုကယို ပတ်ထုံးကာ ထလာလေသည်။

''တော့်ကို စောင့်နေတာတော့''

''ငါ့စောင့်နေတယ်၊ ထမင်းစားဖို့ဟား မစောင့်နဲ့တော့ ငါစားခဲ့ပြီးပြီ''

''ဟုတ်ပါဘူးတော် တော့်ကို ပြောစရာရှိလို့ပါ''

''ကဲ ပြောဗျာ ဘာတုန်း''

တောကျော်က ဖျာစွန်းတွင် ဒရီးဒယိုင်ဝင်ထိုင်သည်။ သူ့ထံမှ အရက်နံ့က ထောင်းကနဲ။ ခင်လုံးမှာ တွန့်ကနဲ ဖြစ်သွားမိလေသည်။

''တော်ကလည်း အဲဒီအရေတွေ မှိုလာပြန်ပြီ၊ နေ့စဉ်ရက်ဆက်ကို ဖြစ်နေတော့တာပဲ လွန်လာပြီ ထင်တယ်နော်''

''ဟာ ငါ့ဟာငါကြိုက်လို့သောက်တာ ဘာဖြစ်



သလဲကွာ''

''အရင်တုန်းကတော့ ဟုတ်တာပေါ့ အခုက ကျုပ်တို့မှာ ကလေးရခါနီးပြီမို့ ဆင်ခြင်ရမှာ''

''ကလေးရမယ်၊ မဖြစ်နိုင်တာကွာ''

''မဖြစ်နိုင်ဘူး မလုပ်နဲ့တော့၊ တကယ်ပြောတာ''

တောကျော်က ဝေသီသော မျက်လုံးများဖြင့် ခင်လုံးကို ကြည့်သည်။ ခင်လုံးမှာ မျက်နှာက ပြုံးသွားလျက် အားပါးတရ ပြောချလိုက်လေတော့သည်။

''ကျုပ်မှာ ကျုပ်မှာ ကိုယ်ဝန်ရှိနေပြီတော့''

သို့သော် တောကျော်၏ တုံ့ပြန်မှုက သူမမျှော်လင့်ထားသလို မဟုတ်ခဲ့ပါချေ။

''မဖြစ်နိုင်တာ''

''ဘယ်နှယ့်မဖြစ်နိုင်ရမှာလဲ၊ ဒေါ်လေးငွေကိုယ်တိုင်က ပြောလိုက်တာတော့''

''ငါတို့က ကလေးမရနိုင်ဘူးလေ''

''အေးလေ အဲဒါအရင်တုန်းကပဲ၊ ခုတော့ကျုပ်မ

www.burmeseclassic.com

www.burmeseclassic.com



မှာ ကိုယ်ဝန်တောင် ရှိနေပြီတော့၊ လ တောင် တော်တော်ရင့်နေပြီဆိုပဲ”

“လတော်တော်ရင့်တာကို ခုမှ ငါ့ပြောရလား”

“အို ကျုပ်လည်း ဘယ်သိပါ့မလဲ၊ ကျုပ်က အဲဒါမျိုးတွေမှ နားမလည်တာကိုး၊ ရိုးရိုးမမှုတာ မမှန်တာပဲ မှတ်နေတာ၊ တစ်ချို့ကျတော့လည်း သွေးဆုံးတဲ့အကြောင်း ကြားဖူးတော့၊ ဒီလို အသက်ငယ်ငယ်နဲ့ သွေးဆုံးတတ်သလား ထင်နေတာတော့”

တောကျော်က မူးမူးရူးရူးနှင့် ခင်လုံးအား စိမ်းစိမ်းဝါးဝါးစိုက်ကြည့်သည်။

“မင်းဟာက … ဟုတ်ရော ဟုတ်သေးရဲ့လား ကွာ”

“အို၊ ဟုတ်ပါတယ်ဆို တော်ကလည်း ခက်နေပြန်ပါပြီ”

“ငါနဲ့ကော ဟုတ်ရဲ့လားလို့မေးတာ ဟော့၊ ခု ကျမှ ရုတ်တရက်ကြီးဆိုတော့ …”



ဒီလိုစကားမျိုး ကြားရလိမ့်မည်ဟု ခင်လုံး ဘယ်လိုမှ မျှော်လင့်မထားမိပါချေ။ အရိုက်ကိုအထိုးခံ လိုက်ရသည်သို့ သူမတစ်ခါတည်း ငိုင်ကျသွားလေ တော့သည်။ သူမမှာတော့ ဒီအချိန်လေးအား အရှမ်းမျှော် လင့် ရင်ခုန်နေခဲ့တာ မဟုတ်လား။

“ဘယ်လိုများ ပြောလိုက်တာပေည်း ကိုတော ကျော်ရယ်”

“ဘယ်လိုပြောရမှာလဲကွ၊ မင်းက ငါ့တုံးမှုး မှတ်သလား၊ တောကျော်တဲ့ဟော့နော် အ ချင် ယောင်ဆောင်နေပေမယ့် အားလုံးသိတယ်”

“ကျုပ်က ကျုပ်က ဘာများ မဟုတ်တာလုပ် နေလို့လည်းတော့”

“ဒါတော့ မင်းကိုယ်တိုင်အသိဆုံးဖြစ်မှာပေါ့ ကွာ၊ ခုပဲ ကိုယ်ဝန်က ရှိလာပြီလေ၊ ခိုးထုတ်နိုး ထည်နဲ့မိနေမှ ဘာဖုံးချင်သေးလို့လဲ”

“ဒါ ရှင့်ကလေးလေ၊ ရှင်မလိုချင်ဘူးလား တော့”

www.burmeseclassic.com

www.burmeseclassic.com



"မလိုချင်ဘူး၊ အဲဒီကလေးကို ဖျက်ချလိုက်၊ ငါ့ကို နွားမလုပ်စမ်းပါနဲ့ကွာ၊ တောကျော် နွားကျမခံဘူးဟေ့၊ ဘယ်တော့မှ နွားမလုပ်ဘူး"

"ရှင်တကယ်ပြောနေတာလားကိုတောကျော်"

ခင်လုံးမှာ အနေအေးသလို အမှတ်သည်းချေလည်း ကြီးတတ်သူမျိုးဖြစ်လေသည်။ တောကျော်၏ စကားများသည် ရိုးသားသောသူမ၏ နှလုံးသားအား တရိရိ မွှန်းဖျက်နေသည့်သဖွယ် ခံစားရလေ၏။

ခင်လုံး၏ မျက်ဝန်းအိမ်မှ မျက်ရည်ပေါက်ကြီးများ တလိမ့်ချင်းကျဆင်း၍လာသည်။

တောကျော်ကတော့ ဒါတွေကို မသိ။ မူးမူးရူးရူးနှင့် ပြောလိုရာ ဇွတ်ပြော၍ကောင်းနေဆဲ။

"ငါမင်းကို စောင့်ကြည့်နေတာ ကြာပြီဟေ့ မင်းလုပ်ရပ်တွေ ရပ်တန်းကရပ်တော့နော် အဲဒီကလေးအကြောင်းလည်း ဆက်မပြောနဲ့တော့ နေပဲ ဒီမှာတင်ရပ်"

"ဆက်မပြောလို့ရမလား ရှိလာပြီဟာကိုး"



"ရှိလာလည်း ဖျက်ချလိုက်ပါဆို ငါ ပြောပြီးသားပဲကွာ"

"ရှင် ရှင် ဒီကလေးကို တကယ်မလိုချင်ဘူးပေါ့ ဟုတ်လား"

"ဟုတ်တယ် မလိုချင်ဘူး ငါ့ကလေးမှမဟုတ်တာ ဘယ်လိုချင်မလဲ၊ ကဲ ပြောရတာ အာညောင်းလိုက်တာကွာ အိပ်တော့မယ်ဟေ့ ငါ ခေါင်းတွေအရမ်းကိုက်နေပြီကွ"

ပြောပြောဆိုဆိုပင် တောကျော်မှာ ဖျာပေါ် ဝုန်းကနဲ ပစ်လှဲချလိုက်လေတော့သည်။

ပြောသူကတော့ ပြောချင်ရာလွယ်လွယ်လေး ပြောသွားသလောက် ကြားရသူမှာတော့ နာလိုခံခက်။

တောကျော်မှာ ဖျာနှင့် ကျောကုန်းထိတွေ့ ပြီးမကြာခင်ပင် တရှူးရှူးအိပ်ပျော်သွားလေတော့သည်။

ခင်လုံးက တင်းမာစွာ တီးတိုးပြောလိုက်လေ၏။

"ရှင်မမွေးချင်နေ ကျွန်မတော့ ဒီကလေးကို

www.burmeseclassic.com



ရအောင်ခွေးမယ်”

လိုစကားကိုလည်းကောင်း ခင်လုံး၏တင်းတင်းစေ့ထားသော နှုတ်ခမ်းများကိုလည်းကောင်း တောကျော်မှာ လုံးဝမမြင်သိလိုက်ရပါချေ။



[၉]

ယနေ့ပါနှင့်ဆိုလျှင် ခင်လုံးအိမ်ပေါ်မှ ဆင်းလာခဲ့သည်မှာ နှစ်ပတ်ပင်ကျော်ခဲ့လေပြီ။

နောက်တစ်နေ့ အမှုးပြေပြေချင်းမှာပင် တောကျော်က သူ့အမှားသူသိကာ လိုက်ပြန်ခေါ်သော်လည်းမရ။ ခင်လုံးက တော်တော်စိတ်နာနေခြင်း ဖြစ်လေသည်။

ခင်လုံး ဆင်းသွားသည်မှာ ရွာထဲရှိ သူနာပြုသားဖွားဆရာမကြီး ဒေါ်လေးငွေတို့ အိမ်သို့ဖြစ်လေသည်။ သူမ မီးဖွားရန်အတွက် အထောက်အပံ့လည်းရစေဆိုသော သဘောမျိုးဖြစ်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



ဒေါ်လေးငွေကို သူမက ကူညီလုပ်ကိုင်ပေး၏။ သွက်သွက်လက်လက်ရှိသူမို့လည်း ခင်လုံးရောက်လာသည်က ဒေါ်လေးငွေအတွက် အားကိုးရသလိုပင် ရှိပါချေသေး၏။

သို့ပေမယ့် ဒေါ်လေးငွေတို့အိမ်မှာကပ်နေလာတာ ကြာလာတော့ ခင်လုံးက အားတောင့်အားနာစကားပြောဖြစ်လေသည်။

"ကျွန်မလည်း မရည်ရွယ်ဘဲနဲ့ ဒေါ်လေးတို့အိမ်မှာ အတော်တောင်ကြာသွားခဲ့ပြီနော်"

"ရပါတယ်အေ၊ ငါတို့လင်မယားက ညည်းရောက်လာတဲ့အတွက် သမီးလေးတစ်ယောက်၊ တူမလေးတစ်ယောက်ရသလို အောက်မေ့နေတာ၊ ဒါပေမယ့် ငါတစ်ခုတော့ မေးချင်တယ်အေ့"

"ဘာများလည်း ဒေါ်လေးရဲ့"

"ဪ ညည်းတို့ လင်မယားကိစ္စပါ၊ ကိုယ်ရေး ကိုယ်တာ ဝင်စပ်စုတယ်လို့ မထင်နဲ့နော်၊



တို့ဆီမှာ ညည်းဆက်နေတာ မကြိုက်လို့လည်း မဟုတ်ဘူး၊ ဒါပေမယ့် အပျက်အပျက်နဲ့ နှာခေါင်းသွေးထွက်မှာ စိုးလို့ပါ၊ ညည်းတို့က ဒီလိုပဲ နေသွားကြတော့မှာလား"

ခင်လုံးမှာ မျက်နှာတစ်ချက် ညှိုးကျသွားသလို ရှိလေ၏။ ခေါင်းငုံ့ကျသွားရင်းက အသံခပ်တိုးတိုးဖြင့် ပြန် ``ာလေသည်။

"အစကတော့ ကျွန်မလည်း စိတ်ဆိုးတာပေါ့နော်၊ ဒါကြောင့်လည်း ဆင်းလာခဲ့တာပေါ့၊ ဒါပေမယ့် လင်မယားပဲဟာ ဘယ် သိပ်အကြာကြီး စိတ်ဆိုးနိုင်မှာလဲ၊ ဒါပေမယ့် သူ့လုပ်ရပ်တွေကမှ မကောင်းတာကိုး"

"သူ ညည်းကိုတော့ ပြန်လာခေါ်သားပဲနော်"

"ဒါပေမယ့် … အဲဒီလို လာခေါ်တဲ့အခါတိုင်း အရက်က မူးမူးလာတာကဆိုးတာ၊ သူကလည်း မှားသေးရဲ့ တောင်းပန်ဖို့လာတာမူးမူးလာတော့ ဘယ်မှာ အဆင်ပြေပါတော့မလဲ"

www.burmeseclassic.com



ခေါ်လေးငွေက ပြုံးလေသည်။

"တန်တော့ ညည်းကြည့်ရတာ ပျော့ချင်နေပြီနဲ့တူတယ်၊ ဟိုကသာ ကောင်းကောင်းမွန်မွန်လာခေါ်ရင် ပါသွားတော့မှာပဲ၊ တို့တော့ သမီးလေး တစ်ယောက် ပြန်လက်လွှတ်ရတော့မယ် ထင်ပါရဲ့ကွယ်"

ခင်လုံး၏ မျက်နှာလေးမှာ အခုမှပင်ပြန်ကြည်လင်၍လာလေ၏။

"ဒါကတော့ အဒေါ်ရယ်ငယ်ငယ်ကတည်းက ပေါင်းခဲ့ကြတဲ့ ငယ်လင်ငယ်မယားတွေဟာကိုး စိတ်ဆိုးလည်း ခဏပေါ့"

✸



ထိုအချိန်တွင် ရွာအပြင်တစ်နေရာ၌လည်း ထိုအကြောင်းကိုပင် ပြောဆိုနေကြပါလေသည်။

သူတို့မှာ တောကျော်နှင့် အပေါင်းအသင်းတစ်စုတို့ဖြစ်၍ အရက်ပုန်းဆိုင်ကလေး၌ သူတို့ စုဝေးနေကြခြင်း ဖြစ်ပါလေသည်။

တောကျော်အား မြှောက်ပေးသူက မြှောက်ပေး၏။

"ဟေကောင် တောကျော်၊ မင်းမိန်းမက ခုထိ အိမ်ပေါ်ပြန်တက် မလာသေးဘူးလားကွ"

တောကျော်က ပြန်အဖြေမပေးရသေးမီမှာပင်

www.burmeseclassic.com

www.burmeseclassic.com



ကျန်တစ်ယောက်က ခပ်သွက်သွက်ဖြတ်ပြောလိုက်လေသည်။

"ဘယ်ပြန်တက်လာဦးမလဲကွ၊ ဒါကြောင့် ဒီကောင်ကြီး ငိုင်တိုင်တိုင်ဖြစ်နေတာ မမြင်ဘူးလား၊ မိန်းမလွမ်းနေတာလေကွာ ဟား ဟား ဟား"

အားလုံး ဝိုင်းရယ်ကြလေသည်။ တောကျော်က အနည်းငယ်မခံချင်ဖြစ်ဟန်ဖြင့် ဝင်ပြောလေ၏။

"အံမယ် ငါသေချာမခေါ်သေးလို့ပါနော်၊ ငါသာ သေချာခေါ်ရင် ငါ့မိန်းမ ဘယ်နေနိုင်မလဲ၊ ငါ့နောက် ကောက်ကောက်ကနဲ နေအောင်တောင် ပြန်လိုက်လာသေးတယ်"

"ဒါတော့ဟုတ်တယ်ဟေ့ကောင် မိန်းမဆိုတာ လှေလိုမြင်းလိုပဲတဲ့ စီးနှင်တဲ့သူနောက် ကောက်ကောက်ပါအောင်လိုက်တတ်တာ၊ မင်းသာ ခပ်မာမာလေး ဆက်ဆံလိုက် မင်းမိန်းမ တစ်ခါတည်း ပျော့ကျသွားလိမ့်မယ်"



တစ်ယောက်က အစဖော်မြှောက်ပေးလိုက်လေသည်။ ထိုမှ အစပြုကာ ကျန်သူများကလည်း တစ်ယောက်တစ်ပေါက်ဖြင့် ဝင်မြှောက်ပေးကြလေ၏။

သူတို့ စကားများအဆုံး တောကျော်က အံကိုတင်းတင်းကြိတ်ကာ ကြွေးကြော်လိုက်သည်။

"ဒီညနေတော့ တွေ့ကြပြီပေါ့ကွာ၊ ဒီမိန်းမ ငါ့နောက်လိုက်ရင်လိုက် ပြန်မလိုက်လို့ကတော့ ကောင်းကောင်းကြီးကို ပွဲကြမ်းပြလိုက်မယ်၊ တောကျော်အကြောင်း ကောင်းကောင်းသိစေရမယ်ဟေ့"

✸

www.burmeseclassic.com

www.burmeseclassic.com



သို့သော် တကယ်တမ်းသူတို့ရောက်သွားချိန်မှာ ညနေမဟုတ်ဘဲ ညဦးပိုင်း မှောင်စပင်ပျိုးနေခဲ့လေပြီ။

တောကျော်မှာ ထိုအချိန်တွင် အတော့်ကို မူးနေခဲ့လေပြီ။

သူငယ်ချင်းတွေကလည်း မြှောက်ပေးထားတာဆိုတော့ သွေးကခပ်ကြွကြွဖြစ်နေလေ၏။ ထိုအချိန်တွင် ခင်လုံးမှာ စားသောက်ပြီးစမို့ ခပ်မှေးမှေးပင် အိပ်၍ပျော်လုဆဲဆဲ ရှိပါလေသည်။

တောကျော်က ခါတိုင်းလို အိမ်ဝထိလာမခေါ်ဘဲ ခပ်လှမ်းလှမ်းမှ အော်ခေါ်၏။



ဒါကို အိပ်ပျော်နေသော ခင်လုံးက မကြားလိုက်။

ရုတ်ရုတ်သဲသဲ အသံများကြောင့် သူမနိုးလာစဉ်မှာတော့ တောကျော်မှာ အတော်ပင်ရမ်းကား၍နေလေပြီ။

ညကြီးမင်းကြီး အိမ်ရှေ့လာပြီး အော်ကြီးဟစ်ကျယ် လုပ်နေတာဆိုတော့ ဒေါ်လေးငွေတို့ လင်မယားက တားမြစ်သည်။

ဒါကို တောကျော်က လက်မခံ။ ပို၍ပင် ဆိုးလာလေ၏။

"ကျုပ်မိန်းမ ကျုပ်လာပြန်ခေါ်တာ ဘာဖြစ်လဲဗျ"

"အေး မင်းမိန်းမ မင်းခေါ်ချင် နံနက် လင်းလင်းချင်းချင်းခေါ်ပေါ့ကွာ"

"ကျုပ်ဘာသာကျုပ် ခေါ်ချင်သလို ခေါ်မယ်ဗျာ၊ ခင်ဗျားတို့အပူ တစ်ပြားသားမှ မပါဘူး၊ ကိုယ့်ဟာကိုယ်နေကြ"

"မင်း မင်းရိုင်းလှချေလားဟင် တောကျော်၊

www.burmeseclassic.com

www.burmeseclassic.com



ငါတို့အိမ်ရှေ့ ဆူဆူညံညံ လာမလုပ်နဲ့ကွာ”

တောကျော်မှာ ကြာလေပိုကဲလာလေပင်ဖြစ်ပါသည်။

ခင်လုံးမှာ ဆူဆူညံညံအသံများကြောင့် လူးလဲထကာ အပြင်လှမ်းကြည့်လေသည်။ ခင်လုံးကို မြင်တော့ ဟိုက ပိုဆိုးသွားသည်။

အိမ်ထဲပင် ဝင်ဆွဲတော့မလိုတကဲကဲ။

ခင်လုံးမှာ မလိုက်လိုဟုဆိုကာ အိမ်အတွင်းပိုင်း ဝင်သွားသည်။ ဒါကို တောကျော်က လိုက်ဝင်လာမည် လုပ်၏။

ဒေါ်လေးငွေ ယောကျ်ား ဦးမျိုးမင်းက ဝင်ဝံ့ ဝင်ကြည့်ဟု တုတ်သွားဆွဲ၏။

တကယ်တမ်းကျတော့လည်း တောကျော်မှာ သတ္တိ ဒီလောက်မရှိပြန်ပါ။ အိမ်ပြင်မှသာ ပါးစပ်ဖြင့် အမျိုးမျိုး အော်ဟစ်နေလေ၏။

သူ့ကို ပေးမဝင်သဖြင့် ဦးမျိုးမင်းကိုမဲသည်။ ခင်လုံးနှင့် ဦးမျိုးမင်းကို အမျိုးမျိုးသမုတ်လေ



တော့သည်။

ခင်လုံးမှာ ရှက်ကလည်း ရှက်၊ ဒေါသလည်း ထွက်။ အိမ်တံခါးအကွယ်ထောင့်ချိုးတွင် မျက်ရည်တွေသာ တတွေတွေကျနေရတော့သည်ပေါ့။

တောကျော်ဒုက္ခပေးခြင်းက တော်တော်နှင့် ရပ်မသွားပါချေ။

အချိန်ကြာလို့ အရပ်ထဲကလူများ ရောက်လာပြီး ဝိုင်းဆွဲသူကဆွဲ ဖျောင်းဖျသူကလည်း ဖျောင်းဖျရင်း တောကျော်ကို အတင်းဆွဲခေါ်သွားလေမှပင် ကိစ္စငြိမ်းသွားရလေ၏။

တောကျော်ပြန်သွားပြီးလို့ အေးအေးဆေးဆေး ဖြစ်သွားချိန် ဒေါ်လေးငွေတို့ ခင်လုံးကို ကြည့်သောအခါမှပင် ခုနနေရာမှာမရှိတော့သည်ကို တွေ့လိုက်ရလေ၏။ အရှက်ကြီးသော ခင်လုံးတစ်ယောက် ပျောက်ခြင်းမလှ ပျောက်သွားခဲ့လေပြီ။

www.burmeseclassic.com

www.burmeseclassic.com



[၁၀]

ထိုနေ့ညက ခင်လုံးသည် တစ်ညလုံး အပြင်ဘက်မှာ ရှိနေခြင်းဖြစ်၏။ သူမပျောက်သွားသည်ကို သိသိချင်း ဒေါ်လေးငွေတို့က စိတ်ပူသလို ဖြစ်သွားကြသော်လည်း တောကျော်လုပ်ရပ်ကြောင့် ရှက်လို့ ထွက်သွားတာဖြစ်မှာပါလေဟု သတ်မှတ်လိုက်ကြ၏။

ရွာထဲက တစ်အိမ်အိမ်မှာ ရောက်နေမှာပေါ့ဟု ယူဆပြီး သေသေချာချာဖိဖိစီးစီး လိုက်မရှာဖြစ်ခဲ့ကြ။ တစ်နည်းပြောရလျှင်တော့ ခင်လုံးကံကိုက ဆိုးရွားစွာ ပြဋ္ဌာန်းပြီးသား ဖြစ်နေပုံပါလေသည်။

✸



“ဟော့ကောင် တောကျော် ထစမ်း၊ ဟာ ဒီကောင် ဘယ်လောက်များ သောက်ထားသလဲ မသိဘူး နံစော်နေတာပဲကွာ ဟော့ကောင်ထစမ်း တောကျော် ဟိုမှာ မင်းမိန်းမ သေတော့မယ်ကွ”

ရွာပြင် ကန်သင်းရိုးကြား၌ လဲကျနေသော ခင်လုံးအား နံနက်အစောကြီး အလုပ်ခွင်ထွက်လာကြသော တောင်သူနှစ်ဦးက စတင်တွေ့ရှိခဲ့ကြခြင်း ဖြစ်ပါသည်။ တွေ့တွေ့ချင်းပင် ထိုနေရာနှင့် မဝေးလှသော အရက်ပုန်းဆိုင်မှာ တောကျော် အမြဲရှိနေတတ်တာကို

www.burmeseclassic.com

www.burmeseclassic.com



သတိရလိုက်ကြ၏။

ထို့ကြောင့် ခင်လုံးအား ပြုစုသူက ပြုစုနေစဉ် တစ်ယောက်က တောကျော်အား ပြေးခေါ်လေသည်။

အမူးလွန်နေသော တောကျော်ကို တော်တော် နှိုးယူရ၏။ ခင်လုံးမှာ တောကျော်ရောက်လာသည်အထိ လည်း စကားမေးမရသေးပါ။

ခင်လုံးနား ဝိုင်းကာ လူတွေ တစ်ယောက်တစ် ပေါက် ဖြစ်နေကြလေ၏။ ခင်လုံး သေသွားပြီဟု ဆိုသူ က ဆိုသည်။ တစ်ယောက်ကလည်း သတိလစ်နေတာ တဲ့။

ရွာထဲကို ခေါ်သွားရကောင်းနိုးနိုး စဉ်းစားကြ ၏။ သေနေပြီဆိုရင်တော့လည်း ရွာထဲ မခေါ်ချင်တော့။ ရွာပြင်မှာသေတဲ့အလောင်းကို ရွာထဲ မသွင်းရဘူးမဟုတ် လား။

ထိုသို့ဖြင့်ပင် ...

ရွာထဲက ဆေးဆရာကြီးကို သွားခေါ်ဖို့သာ ဆုံးဖြတ် ဖြစ်ကြလေ၏။ တောကျော်ကတော့ မူးနေ



သည်လား၊ ကိုယ့်ကိုယ်ကို မချိတင်ကဲ ဖြစ်နေသည်လား မသိ။ ခင်လုံး၏ အသိမဲ့ ခန္ဓာကိုယ်လေးအား ဖက်ကာ

"ခင်လုံးရယ်"

ဟုသာ တီးတိုးအဆက်မပြတ် ရေရွတ်နေလေ တော့သည်။

ထိုသို့ဖြင့်ပင် တောကျော်အား အစောင့်ထားခဲ့ ကာ ဟိုနှစ်ယောက်မှာ ရွာထဲ ဆေးဆရာ အခေါ်လာကြ လေသည်။

ယင်းသို့ တောကျော်တစ်ယောက်တည်းနှင့် ခင်လုံးအား ထားရစ်ခဲ့ကြခြင်းကပင်လျှင် သူတို့ဆုံးဖြတ် ချက်မှားသွားသလို ဖြစ်သွားခဲ့ရပါလေတော့သည်။

ဖေအာဆာ

www.burmeseclassic.com

www.burmeseclassic.com



[၁၁]

နောက်ပိုင်း၌ ပြန်ပြောကြသည့်အခါ ထိုစဉ်က ဖြစ်ရပ်နှင့် ပတ်သက်၍ ယူဆကြပုံအမျိုးမျိုးဖြစ်နေကြပါလေသည်။

ရွာထဲ ဆေးဆရာသွားခေါ်သောသူများ ပြန်ရောက်လာသည့်အခါ တောကျော်ရော ခင်လုံးကိုပါ ထားရစ်ခဲ့သည့်နေရာတွင် မတွေ့တော့။

ထိုကြောင့်ပင် စိတ်ပူသွားသော သူတို့မှာ နေရာအနှံ့လိုက်ရှာကြလေသည်။

ဘယ်မှာမှမတွေ့။

နောက်ဆုံး လာပြောသူက ပြောလေမှသာ



တောကျော်တို့ ဘယ်ရောက်နေကြောင်း သိရလေ၏။

ထိုသို့လာပြောသူမှာ သုဘရာဇာကြီး ဘအေး ဖြစ်ပါသည်။

တစ်ဆက်တည်းပင် သုဘရာဇာကြီးက သူကြုံတွေ့ရသော အဖြစ်အပျက်များအား ပြောပြပါလေသည်။

✸

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



ထိုနေ့က …

ဘာကြောင့်ရယ် မသိ။

သုဘရာဇာကြီးဘအေးစိတ်ထဲ အလိုလိုလေးလံနေမိသည်။ ခါတိုင်း အမှောင်မကွဲသေးခင် ဝေလီဝေလင်းကတည်းက အိပ်ရာ နိုးနေကျ ဖြစ်သော်လည်း ဒီနေ့တော့ အတော်နောက်ကျမှပင် သူနိုးလာခဲ့၏။

သို့သော် သူ့နောက်ကျချိန်မှာ တခြားလူတွေ ထက်တော့ အတော်စောပါသေးသည်။

အာရုဏ်ဦး နေ့အလင်းရောင် ထွက်ပြူစတွင် ဖြစ်လေ၏။



နိုးနိုးချင်း ခေါင်းယံကပဲ ကိုက်နေသလို၊ မိုက်ပဲနာချင်သလိုလို မအီမလည်ကြီး ဖြစ်နေသောကြောင့် သုသာန်ဇရပ်ပေါ်မှပင် မဆင်းမိ။

ထိုစဉ်မှာပင် မြေလျှင်လှုပ်သွားသလို သိမ့်ကနဲ ဖြစ်သွားသည့်ခံစားချက်ကို သူ ရလိုက်ခြင်း ဖြစ်လေ၏။

ဇရပ်အပြင်သို့ သူ လှမ်းမျှော်ကြည့်ရှုလိုက်မိသည်။ ဝန်းကျင်လောကသည် ချက်ချင်းမှောင်ကျသွားသလို ဖြစ်သွားလေ၏။

“ဟ ဘာဖြစ်တာတုန်း”

အသံထွက်အောင်ပင် ဘအေးရေရွတ်လိုက်မိ၏။ ပုရစ်တွေ အော်သံလိုလို၊ ဒါမှမဟုတ် အမျိုးအမည်မသိ သတ္တဝါငယ်များ ဝိုင်းအော်ကြသလို စီစီညံညံ အသံများ ရုတ်တရက် ထွက်ပေါ်လာလေတော့၏။

မသိစိတ်၏ ဆွဲဆောင်မှုဖြင့် အဝေးတစ်နေရာဆီသို့ ဖျပ်ကနဲ လှမ်းကြည့်လိုက်မိသည်။

သူကြည့်မိသည်မှာ တွင်းနက်ကြီးများဆီသို့

www.burmeseclassic.com



ဖြစ်လေသည်။

ဘအေးလို သုဘရာဇာ တစ်ယောက်ပင် ကြက်သီး ဖျန်းကနဲ ထမိရပါသည်။

တွင်းနက်ကြီးများအနား၌ ရစ်ဝဲနေကြသော မည်းမည်းအရိပ်ကြီးနှစ်ခု။ တွင်းနက်ကြီးတွေဆီလာတာလား၊ ဒါမှမဟုတ် တွင်းနက်တွေဆီက ပြန်တက်လာတာလား မသိ။ အရိပ်ရှင်မှာ လူလား၊ တခြားအရာလားဟုလည်း မကွဲပြားခဲ့ပါ။

ထိုအနားသို့ စိတ်က သွားကြည့်ရှုစမ်းချင်သော်လည်း ခန္ဓာကိုယ်အတွင်းပိုင်းမှလာသော အမျိုးအမည်မသိ တစ်စုံတစ်ရာ၏ ဟန့်တားချက်အရ ဘအေး ထိုနေရာသို့ ရုတ်တရက် မသွားဖြစ်ခဲ့ပါချေ။

ထို့ကြောင့်ပင် တွင်းနက်ကြီး တစ်ခုစီ၌ တောကျော်နှင့် ခင်လုံးတို့၏ အလောင်းများ ဘယ်လိုရောက်နေမှန်း သူလည်း ခရေစေ့တွင်းကျ မသိလိုက်ရသည် ဖြစ်ပါလေ၏။

✸



"ကျွန်တော်ထင်တာတော့ အဲဒီတုန်းကတွေ့လိုက်ရတဲ့ အရိပ်တွေဟာ တောကျော်နဲ့ ခင်လုံးတို့ရဲ့ အရိပ်တွေ ထင်တာပဲ"

နောက်ပိုင်း၌ ဘအေးက ထိုအတိုင်းပြောပြပါလေ၏။ ထိုနံနက်က သူကြုံတွေ့ရသည်များသိကာ လူတွေကြောက်လန့်မှာ စိုးသဖြင့် ထိုအတိုင်းဖြေပြောခြင်း ဖြစ်လိမ့်မည်ဟု အများစုက ထင်မြင်ကြလေသည်။

"ဒါဆို တောကျော်တို့က ... တွင်းနက်တွေထဲ ဘာလို့ ဆင်းသေနေရတာလဲ"

www.burmeseclassic.com

www.burmeseclassic.com



ဆိုသည့်အမေးကိုတော့ ဘအေးတင်မက ဘယ်သူမှ မဖြေနိုင်ခဲ့ကြ။

ခင်လုံး ကန်သင်းရိုးကြားထဲ လဲနေသည်ကို စတင်တွေ့ခဲ့သူ နှစ်ဦးကတော့ ခင်လုံးနှင့်တောကျော်ကို ထားခဲ့ပြီး ရွာထဲ ဆေးဆရာကြီးခေါ်ရန်ပြန်လာသည်။ ထို့နောက်ခင်လုံးရော တောကျော်ပါ ပျောက်သွားသည်။ ဒါပဲ ပြောနိုင်ကြ၏။

သုဘရာဇာကြီး သာအေးအပြောကတော့ ထိုသူများ ထားခဲ့သော နေရာမှ ပျောက်သွားကာ တွင်းနက်တွေထဲ ရောက်လာကြခြင်းဖြစ်လိမ့်မည်တဲ့။

ဒါဆိုကြားထဲမှာ တောကျော်နှင့် ခင်လုံး ဘာတွေ ဖြစ်ခဲ့သလဲ။ ဘယ်သူမှ အဖြေမရှာနိုင်ကြ။

"ခင်လုံးကတော့ ကိုယ်ဝန်ကလည်းရင့်နေ နဂိုကလည်း စိတ်ခံစားမှုကို ခံနိုင်ဟန်မတူတဲ့အထဲ အဲဒီနေ့မတိုင်ခင် ညက တောကျော်လာရမ်းတဲ့ အဖြစ်ကြောင့် ရှာပြင်ပြေးအထွက်မှာ နှလုံးထိခိုက်ပြီး သေဆုံးသွားဟန်တူတယ်"



ဟု တစ်ချို့က ကြံဆကြလေ၏။ သို့သော် သူတို့ ပြောစကား ဘယ်လောက်ထိမှန်နိုင်သည်ကိုတော့ ဘယ်လိုမှဆန်းစစ်၍ မရနိုင်ပါချေ။

"ဒါဆို တောကျော်ကရော ဘယ်လိုသေတာလဲ"

ဟု ဆက်မေးသောအခါ ဘယ်သူမှ မဖြေနိုင်ခဲ့။

"ဒီကောင် မိန်းမစိတ်ကြောင့် မူးမူးရူးရူးနဲ့ ဘာတွေ ဆက်လုပ်မှန်းမှ မသိတာ"

ဟုသာ ပြောကြလေ၏။

ခုတလော အမြဲ အရက်ပုလင်းခါးကြားထိုး ထားတတ်သော တောကျော်မှာ သေအောင်ပင် အရက် သောက်ပစ်လိုက်ခဲ့လေသလား။

ဒါဆိုရင်ကော သေခါနီးတွင်းနက်ကြီးတွေဆီ ရောက်အောင်လာဖို့ သူ ဘယ်လို စိတ်ကူးရခဲ့ပါသလဲ။

မိန်းမဖြစ်သူ ခင်လုံးကို တွင်းတစ်ခုထဲအရင်ချ သူက ဘေးက နောက်တွင်းတစ်ခုထဲ ဝင်လှဲပစ်လိုက်

BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



သည်လား။ အဲဒီလိုဆိုလျှင်လည်း အရမ်းဆန်းကြယ်နေလေ၏။

တကယ့်အဖြစ်မှိုသာ မျက်စိရှေ့မြင်နေသည်မို့ ယုံကြည်လက်ခံရခြင်း ဖြစ်လေတော့သည်။ တောကျော်တို့၏ ဓာတ်သိမ်းပုံက ရတ်ထွေးပွေလီမှုတွေ အပြည့်ဖြစ်နေလေတော့၏။

✸



BURMESE CLASSIC .com

အဆိုးဆုံးတစ်ခုက ရှိပါချေသေးသည်။

သူကြီးက သုဘရာဇာကြီးအား တောကျော်တို့ အလောင်းတွေကို နေရာပြောင်းယူရန်နိုင်း၏။

"ဒီနေရာကြီး မကောင်းပါဘူးကွာ၊ တခြားသင့်တော်တဲ့ တစ်နေရာရာမှာ မြှုပ်ပေးလိုက်ပါ"

တဲ့။ ကျန်ရွာသူရွာသားများကလည်း ထိုသို့ပင်သဘောရသည်မို့ တောကျော်တို့ အလောင်းတွေကိုနေရာရွှေ့ပေးဖို့ လုပ်ကြလေ၏။

သို့သော် ...

www.burmeseclassic.com

www.burmeseclassic.com



သုဘရာဇာကြီးတင်မက ရွာထဲရှိ ကာလသား များပါ ဝိုင်းဝန်းသယ်မကြသော်လည်း တောကျော်တို့ အလောင်းများအား ဘယ်လိုမှ နေရာရွှေ့လို့ မရခဲ့ပါချေ။

ယင်းမှာ တွင်းတွေ၏ တည်နေပုံ စောက်နက်မှု နှင့် စိုထိုင်းနေသော မြေအနေအထားများတွင် စက် ပစ္စည်း အကူအညီမယူနိုင်သေးသော ခေတ်အခြေအနေ ကြောင့်ဟု အဖြေထုတ်ကြသော်လည်း ထိုစဉ်က ယောက်ျားလေးတွေ အများကြီး ဝိုင်းကြိုးပမ်းပါလျက် အလောင်းတွေကို တွင်းနက်ကြီးများထဲမှ ဘယ်လိုမှ ထုတ်မရသည်ကတော့ အားလုံးရင်ထဲ သို့လောသို့လော သံသယနှင့် ထိတ်လန့်မှုပေါင်းများစွာကို မွေးဖွားပေးခဲ့ ပါလေ၏။

ထိုသို့ဖြင့် ...

နောက်ဆုံးမှာတော့

တောကျော်တို့အား ထို တွင်းနက်များထဲမှာပင် ထည့်မြှုပ်ဖို့ ဖြစ်ခဲ့ရတော့သည်ပေါ့။

စိတ်မကောင်းသော်လည်း သူကြီးက ဖြေ

BURMESE CLASSIC .com



ပြောကလေး ပြောရှာပါသည်။

"အေးပေါ့လေ၊ဘာပဲဖြစ်ဖြစ် တို့တစ်ရွာလုံးကို ခြောက်လန့်နေတဲ့ တွင်းနက်ကြီးတွေရဲ့ဇာတ် လမ်း ပြီးဆုံးသွားပြီမို့ အဆိုးထဲက အကောင်း လို့သာ မှတ်ရတော့မပေါ့"

သို့သော် ထိုစဉ်က သူ့စကားမှာ တကယ်တမ်း မမှန်ကန်ခဲ့ပါချေ။

နောက်ပိုင်း အချိန်ကာလပေါင်းများစွာ၌ ဆက် လက်ဖြစ်ပေါ်ခဲ့သော အဖြစ်အပျက်များက တွင်းနက် ကြီးများတည်ရှိခဲ့ရာ မြေကြမ်းကြီး၏ဇာတ်လမ်းသည် ဘယ်တော့မှ ပြီးဆုံးသွားလိမ့်မည် မဟုတ်ကြောင်းအား သက်သေပြနေသကဲ့သို့ ရှိနေပါတော့သည်။

www.burmeseclassic.com

www.burmeseclassic.com

ဒီမိုကရေစီခေတ်မှာ

နိုင်ငံရေးလုပ်ချင်ရင် (ဒါမှမဟုတ်) နိုင်ငံရေးကို စိတ်ဝင်စားရင်

ဒီစာအုပ်ကို ဖတ်မှဖြစ်မယ်။

ဒီထဲမှာ ဒီမိုကရေစီအကြောင်း ရေရေရာရာရှင်းထားတယ်။

အုပ်ချုပ်ရေးစနစ်တွေအကြောင်း ရေရေရာရာရှင်းထားတယ်။

အခြေခံဥပဒေအကြောင်း ...... ရွေးကောက်ပွဲအကြောင်း၊

လွှတ်တော်အကြောင်း...... မဲဆန္ဒရှင်တွေအကြောင်း၊

ဒီမိုကရေစီရဲ့စီးပွားရေးစနစ်ဖြစ်တဲ့ ဈေးကွက်စီးပွားရေးအကြောင်း

-- အစုံအလင် အပြည့်အစုံကို

ရပ်ကွက်အထာ အရပ်သုံးစကားနဲ့

အပြည့်စုံဆုံး၊ အရှင်းလင်းဆုံး ဖော်ပြထားပါတယ်။

# ရပ်ကွက်အထာနဲ့ပြောတဲ့

# ဒီမိုကရေစီကျမ်း

[စာမူခွင့်ပြုချက် - ၃၁၀၁၇၅၀၈၁၀]

# သွန်းနေဝိုး

BURMESE CLASSIC .com

# ရွှေစတိုရီ
# Short Story

မင်းလူ

လူနေ

မိုးဇော်ဝိုင်

မျှားသူ

www.burmeseclassic.com